MYANMAR MEITI Extractive Industries Transparency Initiative

# မြန်မာနိုင်ငံ EITI လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ပထမအကြိမ် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ဖော်ဆောင်ရေးလုပ်ငန်းစဉ်မှ ရရှိလာသည့်အချက်အလက်များအပေါ် သုံးသပ်ချက်





၂၀၂၀

ဇန်နဝါရီလ

www.myanmareiti.org

communication@myanmareiti.org

# မြန်မာနိုင်ငံ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (M-EITI) ၏ ပထမအကြိမ် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ဖော်ဆောင်ရေး လုပ်ငန်းစဉ်မှ ရရှိလာသည့် အချက်အလက်များအပေါ် သုံးသပ်ချက်

**၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ**

---

*ပြင်ဆင်သူ - ရှားလော့တ် ဘိုယာ (Charlotte Boyer )*

အကျဉ်းချုပ် .......... 4

၁။ နောက်ခံအကြောင်းအရာ နှင့် နိဒါန်း .......... 6

၂။ ထုတ်ဖော်ထားသည့် အချက်အလက်များ၏ ပြီးပြည့်စုံမှု နှင့် ယုံကြည်စိတ်ချရမှု .......... 8

၂.၁။ အချက်အလက်ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများ၏ တင်ပြမှုရာခိုင်နှုန်း နှင့် ၎င်းတို့အကြောင်း (Profile) .......... 8

၂.၁.၁။ ထုတ်ဖော်တင်ပြမှုနှုန်း .......... 8

၂.၁.၂။ အချက်အလက်ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများအကြောင်း (Profile) .......... 11

၂.၁.၃။ ကုမ္ပဏီများ၏ သက်သေခံအချက်အလက်များ .......... 13

၂.၂။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ထုတ်ဖော်ချက်များ .......... 14

၂.၃။ အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်သောကုမ္ပဏီများ၏ ထုတ်ဖော်ချက်များ .......... 17

၂.၄။ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ .......... 18

၂.၄.၁။ ကုမ္ပဏီများ၏ ဖော်ပြချက်များနှင့် ဖြည့်သွင်းရန် ကျန်ရှိနေသည့်အချက်များ .......... 18

၂.၄.၂။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ အဖြစ်ဖော်ပြခြင်း .......... 21

၂.၄.၃။ အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင် ကုမ္ပဏီများကို အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအဖြစ် ဖော်ပြခြင်း .......... 22

၂.၄.၄။ လူပုဂ္ဂိုလ်များကို အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအဖြစ် ဖော်ပြခြင်း .......... 23

၂.၄.၅။ ပိုင်ဆိုင်မှုပုံစံနည်းလမ်းများ .......... 24

၂.၄.၆။ နိုင်ငံရေးအရ သြဇာတိက္ကမရှိသူများ .......... 29

၃။ ထုတ်ဖော်ခြင်းလုပ်ငန်းစဉ် အပေါ် သုံးသပ်ချက် နှင့် အကြံပြုချက်များ .......... 31

၃.၁။ EITI ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ လိုအပ်ချက်များနှင့် စံထား၍ သုံးသပ်ခြင်း .......... 31

၃.၂။ ညွှန်ကြားချက်များ နှင့် အင်တာနက်စာမျက်နှာတွင် ဖြည့်သွင်းရသည့် ပုံစံ .......... 34

၃.၃။ စိစစ်အတည်ပြုသည့် နည်းလမ်းများ .......... 36

၃.၄။ DICA ဝက်ဘ်ဆိုက် .......... 38

၃.၅။ ပွင့်လင်းပုံစံအချက်အလက်များ (Open Format Data) .......... 39

၄။ အသေးစိတ် ထပ်မံသုံးသပ်နိုင်သည့် အချက်များ .......... 42

နောက်ဆက်တွဲ ၁ - အချက်အလက်ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများအား အမျိုးအစားခွဲခြားဖော်ပြခြင်း .......... 43

အချက်အလက်များ ပြည့်ပြည့်စုံစုံ ဖြည့်သွင်းထားသည့်ပုံစံကို တင်သွင်းခဲ့သည့် အဖွဲ့အစည်းများ (၈၀) .......... 43

အမှားအနည်းငယ်ပါသော ပုံစံကို တင်သွင်းခဲ့သည့် အချက်အလက် ထုတ်ဖော်ကြေညာသည့်အဖွဲ့များ (၁၀)......46

ထင်ရှားသော ကွာဟချက်များ/အမှားများပါသည့် ပုံစံကို တင်သွင်းခဲ့သည့် အချက်အလက် ထုတ်ဖော်ကြေညာသည့် အဖွဲ့များ (၃၁)......47

အချက်အလက်ကြေညာသည့်ပုံစံအား အချိန်မီတင်သွင်းနိုင်ခြင်းမရှိခဲ့သည့် အဖွဲ့များ (၄၂)......51

## အကျဉ်းချုပ်

အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များထုတ်ဖော်ခြင်းနှင့် စပ်လျဉ်း၍ EITI စံနှုန်း၏ လိုအပ်ချက်များ၊ မြန်မာနိုင်ငံ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ (Beneficial Ownership Task Force) ၏ ဆုံးဖြတ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်ကို လွှမ်းခြုံသည့် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင် ပါဝင်ခဲ့သော ကုမ္ပဏီပေါင်း ၁၆၂ ခုအား ၎င်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် နှင့် နိုဝင်ဘာလ ၈ ရက်နေ့အတွင်း အွန်လိုင်းပုံစံမှ တဆင့် ထုတ်ဖော်ပေးရန် တောင်းခံခဲ့ပါသည်။

**ကုမ္ပဏီပေါင်း ၁၂၁ ခုမှ အချက်အလက်များဖြည့်သွင်းထားသည့် ပုံစံအား အချိန်မီတင်သွင်းခဲ့သည့်အတွက်** ထုတ်ဖော်မှုရာခိုင်နှုန်း **၇၄%** အထိ ရှိခဲ့ပါသည်။ ၎င်းတို့အနက် **ကုမ္ပဏီ ၈၀ မှ ကိုက်ညီသည့် အချက်အလက်များကို ပြည့်စုံစွာ တင်သွင်းခဲ့သည်။ ကုမ္ပဏီ ၁၀ ခု၏ တင်ပြချက်များတွင် အမှားအနည်းငယ် (သို့) ချန်လှပ်ထားမှုအနည်းငယ် ပါဝင်နေပြီး ကျန်ရှိသော ကုမ္ပဏီ ၃၁ ခုမှ တင်သွင်းလာသည့် အချက်အလက်များတွင် ယင်းတို့၏ ယုံကြည်စိတ်ချရမှုကို ယုတ်လျော့စေနိုင်သည့် (သို့) အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ လိုအပ်ချက်များအပေါ် နားလည်မှု အားနည်းနေသေးသည်ဟု အဓိပ္ပာယ်သက်ရောက်သည့် ကွာဟချက် အတော်များများ ပါဝင်နေပါသည်။ ကုမ္ပဏီပေါင်း ၄၁ ခုမှ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်များကြေညာသည့်ပုံစံကို အချိန်မီတင်သွင်းခဲ့ခြင်းမရှိပါ။ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူပေါင်း (၂၇၀) ရှိကြောင်း အစီရင်ခံခဲ့ကြပြီး ၎င်းတို့ထဲမှ ၉၆% (၂၆၁) ယောက်မှာ လူပုဂ္ဂိုလ်များ ဖြစ်ပါသည်။**
**ပိုင်ဆိုင်မှုပုံစံများအရ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူစုစုပေါင်း၏ ၉၀% သည် လူပုဂ္ဂိုလ်များဖြစ်ပြီး အစုရှယ်ယာ တိုက်ရိုက်ပိုင်ဆိုင်ခြင်းမှတဆင့် ၎င်းတို့၏ကုမ္ပဏီများကို ထိန်းချုပ်ထားပါသည်။** ထို့ကြောင့် ကုမ္ပဏီအများစုမှာ လွယ်ကူရှင်းလင်းသော ပုံစံဖြင့် ဖွဲ့စည်းထားပြီး အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများသည် အစုရှယ်ယာပိုင်ရှင်များ ဖြစ်ကြောင်းကို ပြသနေပါသည်။

အချက်အလက်များကို တောင်းခံရာတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများနှင့် ပိုင်ဆိုင်မှုပုံစံနည်းလမ်းများ အသေးစိတ်ကို ပြည့်ပြည့်စုံစုံ တောင်းခံခြင်း၊ အချက်အလက်များ စိစစ်အတည်ပြုရာတွင် အခြေခံကျသော်လည်း အရေးပါသည့် အချက်များ (မှတ်ပုံတင် သို့ နိုင်ငံကူးလက်မှတ်ကို မပါမနေရ တောင်းခံခြင်း၊ ဖြည့်သွင်းထားသည့် အချက်အလက်များ မှန်ကန်ကြောင်း ကုမ္ပဏီ၏ အရာရှိကြီးတစ်ဦးမှ သက်သေခံပေးရန် လိုအပ်ခြင်းနှင့် အချက်အလက်များ တင်သွင်းရာတွင် အထောက်အကူပြုမည့် စာရွက်စာတမ်းများအား တင်ပြနိုင်ပါက ပူးတွဲဖော်ပြစေခြင်း) ကို ဆောင်ရွက်ထားခြင်းကြောင့် **ယင်းလုပ်ငန်းစဉ်မှာ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအတွက် သတ်မှတ်ထားသည့် EITI စံနှုန်းလိုအပ်ချက်များနှင့်လည်း ကိုက်ညီကြောင်း တွေ့ရှိရသည်။**

**"အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ" ဆိုသော သဘောသဘာဝ၊ အယူအဆကို အချက်အလက်ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်း အများစုအနေဖြင့် နားလည်သဘောပေါက်သည်ဟု ယူဆရသည်** (အဖွဲ့အစည်း ၅၅% က

ကိုက်ညီသောပုံစံများ (သို့) အမှားအနည်းငယ်သာ ပါဝင်သော ပုံစံများကို တင်သွင်းခဲ့ကြသည်)။ သို့သော် တင်သွင်းသည့် အချက်အလက်များ၏ ပြီးပြည့်စုံမှု၊ တိကျမှန်ကန်မှုနှင့် အသုံးပြုရန် လွယ်ကူမှုတို့ကို တိုးတက်ကောင်းမွန်စေရန်အတွက် ပြောင်းလဲမှုအချို့ ပြုလုပ်ရန် လိုအပ်ပါသည်။ အထူးသဖြင့် နောက်တစ်ကြိမ် အချက်အလက်များကောက်ယူရာတွင် ကုမ္ပဏီများ၏ ပူးပေါင်းပါဝင်မှု ပိုမိုမြင့်တက်လာစေရန် **ပထမအကြိမ် ဖြည့်သွင်းရာတွင် အကျုံးဝင်သည့် ကုမ္ပဏီပေါင်း ၂၆% သည် မည်သည့်အကြောင်းရင်းကြောင့် အချက်အလက်ပုံစံများ မတင်သွင်းခဲ့ကြသည့်ကို စုံစမ်းလေ့လာရန်** အရေးကြီးပါသည်။ ထို့အပြင် ထုတ်ပြန်လိုက်သည့် အချက်အလက်များကို နောင်တွင်အသုံးပြုမည့်သူများ လွယ်လွယ်ကူကူ အသုံးပြုစေနိုင်ရန် အချက်အလက်များ ကောက်ယူသည့် **ပွင့်လင်းပုံစံ စာရွက်စာတမ်း (open format document) အား ပိုမိုကောင်းမွန်အောင် မွမ်းမံသင့်ပါသည်။** ထို့အတူ နောင်တွင် အချက်အလက်များအား အလွယ်တကူရှာဖွေ အသုံးချနိုင်ရန်အတွက် **DICA ဝက်ဘ်ဆိုက်ကိုလည်း ပြုပြင်မွမ်းမံနိုင်ပါသည်။** ဥပမာ - အချက်အလက်များအား သိမ်းဆည်းထားသည့် ဒေတာဘေ့စ်တွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများကို အမည်ဖြင့် တစ်ဦးခြင်းစီ ရှာဖွေနိုင်အောင် စတင် ဆောင်ရွက်ထားရန်။

**ယခုအစီရင်ခံစာတွင် အဖွဲ့အစည်းများမှ တင်သွင်းထားသည့် အချက်အလက်များ၏ တိကျမှန်ကန်မှုအလုံးစုံကို ပြည့်ပြည့်စုံစုံ ဆန်းစစ်ထားခြင်း မပြုရသေးပါ။** အချက်အလက်များကို ၎င်းတို့၏ ပြီးပြည့်စုံမှု၊ တသမတ်တည်းဖြစ်မှု/ ကိုက်ညီမှုတို့အပေါ် အခြေခံ၍ အမျိုးအစားခွဲခြားထားသော်လည်း ယင်းသည် မှန်ကန်မှု ရှိ၊ မရှိ စိစစ်အတည်ပြုထားခြင်း မဟုတ်ပါ။ အထင်ရှားဆုံး အားနည်းချက်များ၊ ပြုပြင်ပြောင်းလဲရမည့် အချက်အလက်များကို ဖော်ထုတ်နိုင်ရန်သာ ရည်ရွယ်၍ ဆောင်ရွက်ထားသည့် ကနဦးသုံးသပ်ချက် တစ်ခုသာဖြစ်ပါသည်။ "အချက်အလက် အပြည့်အစုံဖော်ထုတ်ထား"သည့် အမျိုးအစားပါ အဖွဲ့အစည်းများ၏ တင်ပြမှုများအားလုံးမှာ သေချာပေါက် တိကျမှန်ကန်ပါသည်ဟု မဆိုလိုပါ။

# ၁။ နောက်ခံအကြောင်းအရာ နှင့် နိဒါန်း

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ နောက်ဆုံးထား၍ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးကဏ္ဍရှိ ကုမ္ပဏီများ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများကို ထုတ်ဖော်ရမည်ဆိုသည့် EITI စံနှုန်း နှင့် သက်ဆိုင်ရာလိုအပ်ချက်များကို လိုက်နာနိုင်ရန် မြန်မာနိုင်ငံ EITI အဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်ကိုလွှမ်းခြုံသည့် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင် ပါဝင်သည့် ကုမ္ပဏီ (၁၆၂) ခုအား ၎င်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများကို ထုတ်ဖော်ရန် တောင်းခံခဲ့ပါသည်။ DICA ဝက်ဘ်ဆိုက်တွင် ကုမ္ပဏီပေါင်း ၁၆၃ ခုကို တွေ့ရှိရခြင်းမှာ ကုမ္ပဏီတစ်ခုသည် သတ္တု နှင့် ကျောက်စိမ်း နှင့် ကျောက်မျက်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း (၂) မျိုးစလုံးကို ဆောင်ရွက်နေခြင်းကြောင့် ဖြစ်ပါသည်။ ယင်းကုမ္ပဏီများအား အွန်လိုင်းပုံစံမှ တဆင့် DICA ဝက်ဘ်ဆိုက်တွင် အချက်အလက်များ တင်သွင်းရန် ညွှန်ကြားခဲ့ပါသည်။ အချက်အလက်ကောက်ယူခြင်းလုပ်ငန်းစဉ်ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့မှ နိုဝင်ဘာလ ၈ ရက်နေ့အတွင်း ဆောင်ရွက်ခဲ့ပြီး ယင်းမတိုင်မီ အစီရင်ခံရမည့်အဖွဲ့များအတွက် လိုအပ်သည့် သင်တန်းများနှင့် အလုပ်ရုံးဆွေးနွေးပွဲများကို မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (NCS) နှင့် ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) တို့မှ ကျင်းပပေးခဲ့ပါသည်။ ထို့အပြင် NCS နှင့် DICA တို့မှ ဖြည့်သွင်းရမည့် အွန်လိုင်းပုံစံစမ်းသပ်ခြင်းကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့၌ တစ်ကြိမ်ကျင်းပခဲ့ပြီး (ကုမ္ပဏီပေါင်း ၄၀ တက်ရောက်ခဲ့ခြင်း)၊ နိုဝင်ဘာလ ၁ ရက်နေ့ နှင့် ၄ ရက်နေ့တို့တွင် ရန်ကုန်မြို့ နှင့် မန္တလေးမြို့တို့၌ (၂) ကြိမ် (ကုမ္ပဏီပေါင်း ၆၀ တက်ရောက်ခဲ့ခြင်း) ထပ်မံကျင်းပပေးခဲ့ပါသည်။ အချို့သော လိုအပ်သည့် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များအား အချက်အလက်ထုတ်ဖော်ရမည့် အဖွဲ့များသို့ အွန်လိုင်းပုံစံဖြည့်သွင်းခြင်း ကာလအစမှ အစဉ်တဆက် ပံ့ပိုးကူညီပေးခဲ့ပါသည်။

ရရှိထားသည့် အချက်အလက်များအား အများပြည်သူသိရှိနိုင်စေရန် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် https://bo.dica.gov.mm/ ၌ စတင်ထုတ်ပြန်ခဲ့ပါသည်။ ယခုအစီရင်ခံစာသည် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူဆိုင်ရာ အချက်အလက်ဖြည့်သွင်းထားသည့် ပုံစံအား သတ်မှတ်ထားသော နောက်ဆုံးရက်အမီ တင်သွင်းခဲ့သည့် ကုမ္ပဏီပေါင်း ၁၂၁ ခု၏ အချက်အလက်များကို သုံးသပ်ထားခြင်းဖြစ်ပါသည်။ ထို့အပြင် ၂၀၂၀ ခုနှစ်၊ ပထမနှစ်ဝက်တွင် ်လျာထားသည့် ဒုတိယအကြိမ် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်ထုတ်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ ပထမအကြိမ် အချက်အလက်ကောက်ယူခြင်းနှင့် ထုတ်ဖော်ခြင်းလုပ်ငန်းစဉ်အပေါ် သုံးသပ်ထားခြင်းလည်းဖြစ်သည်။ ထို့ကြောင့် ယခုအစီရင်ခံစာတွင် ရေတိုမွမ်းမံမှုများအတွက် အကြံပြုချက်များ ထည့်သွင်းထားပါသည်။ ယခုရရှိထားသည့် အချက်အလက်များ၊ နောင်ထပ်ကောက်ယူသည့် အချက်အလက်များ အပေါ် ဆန်းစစ်နိုင်သည့် အကြံပြုချက်များလည်း ပါဝင်ပါသည်။

ယခုအစီရင်ခံစာတွင် ကန့်သတ်ချက်အချို့ရှိပါသည်။ ဖောင်ပိတ်ရက်ဖြစ်သည့် နိုဝင်ဘာလ ၈ ရက်နေ့ နောက်ပိုင်း၌တင်သွင်းလာသည့် အချက်အလက်ပုံစံများအား ထည့်သွင်းသုံးသပ်ထားခြင်း မရှိပါ။ ထို့အပြင် အစီရင်ခံစာကို ပြင်ဆင်ရာတွင် အချိန်အကန့်အသတ်ကြောင့် ဖြည့်စွက်ထားသည့် အချက်အလက်များ၏ ဖြစ်နိုင်ချေရှိသည့် အမှားများအား ရှာဖွေရန် အခြားသတင်းအရင်းအမြစ်များမှ အချက်အလက်များနှင့်

တိုက်ဆိုင်စစ်ဆေးခြင်း (သို့) အင်တာနက်စာမျက်နှာမှ ရှာဖွေခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းမရှိပါ။ ရရှိထားသည့် အချက်အလက်များ၏ တိကျမှန်ကန်မှု နှင့် ယုံကြည်စိတ်ချရမှုတို့ကို သေသေချာချာ အကဲဖြတ်နိုင်ရန် ထပ်မံ၍ဆန်းစစ်လေ့လာသင့်ပါသည်။


## ၂။ ထုတ်ဖော်ထားသည့် အချက်အလက်များ၏ ပြီးပြည့်စုံမှု နှင့် ယုံကြည်စိတ်ချရမှု

### ၂.၁။ အချက်အလက်ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများ၏ တင်ပြမှုရာခိုင်နှုန်း နှင့် ၎င်းတို့အကြောင်း (Profile)

#### ၂.၁.၁။ ထုတ်ဖော်တင်ပြမှုနှုန်း

**၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်ကို လွှမ်းခြုံသော စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင်ပါဝင်ပြီး အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်များကို တင်သွင်းရန် လိုအပ်သော ကုမ္ပဏီပေါင်း ၁၆၂ ခုအနက် ကုမ္ပဏီ ၁၂၁ ခုက အချက်အလက်များ ဖြည့်သွင်းထားသည့်ပုံစံအား တင်သွင်းခဲ့ပြီး တင်ပြမှုရာခိုင်နှုန်းမှာ ၇၄% ဖြစ်ပါသည်။** အစီရင်ခံစာတင်သွင်းသည့်အဖွဲ့အစည်းများအား ကဏ္ဍအလိုက် အောက်ပါအတိုင်း ခွဲခြားထားပါသည်။ DICA ဝက်ဘ်ဆိုက်တွင် ကုမ္ပဏီများအား အမျိုးအစား (၆) မျိုးခွဲခြားထားပါသည် (ကျောက်စိမ်းနှင့် ကျောက်မျက်၊ သတ္တု၊ ရေနံနှင့် သဘာဝဓါတ်ငွေ့၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ရေး၊ ပုလဲ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ)။ အဆိုပါဝက်ဘ်ဆိုက်တွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းအား ကျောက်စိမ်းနှင့် ကျောက်မျက် ကဏ္ဍ၊ သတ္တုကဏ္ဍ (၂) မျိုးစလုံးတွင် ဖော်ပြထားသဖြင့် ကုမ္ပဏီများအားလုံး၏ စုစုပေါင်းအရေအတွက်မှာ ၁၆၃ ခုဖြစ်နေပါသည်။

| DICA ဝက်ဘ်ဆိုက်တွင် အချက်အလက်များတင်သွင်းထားသည့် ကုမ္ပဏီများအား ကဏ္ဍအလိုက် ဖော်ပြခြင်း | | | | |
|---|---|---|---|---|
| | ဖြည့်သွင်းထားခြင်းမရှိ | ဖြည့်သွင်းထားသည် | စုစုပေါင်း | |
| **ကျောက်စိမ်း နှင့် ကျောက်မျက်** | ၁၅ | ၆၈ | ၈၃ | ၈၁% |
| **သတ္တု** | ၁၀ | ၂၀ | ၃၀ | ၆၈% |
| **ရေနံ နှင့် သဘာဝဓါတ်ငွေ့** | ၁၂ | ၁၉ | ၃၁ | ၆၁% |
| **ရေနံ နှင့် သဘာဝဓါတ်ငွေ့ သယ်ယူပို့ဆောင်ရေး** | ၃ | ၁ | ၄ | ၂၅% |
| **ပုလဲ** | ၁ | ၉ | ၁၀ | ၉၀% |
| **နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း** | ၁ | ၄ | ၅ | ၈၀% |
| **စုစုပေါင်း** | **၄၂** | **၁၂၁** | **၁၆၃** | **၇၄%** |




အချက်အလက်ကြေညာသည့်ပုံစံ တင်သွင်းခဲ့သည့် ကုမ္ပဏီပေါင်း ၁၂၁ ခုတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့ မှ သတ်မှတ်ပေးထားသည့် ညွှန်ကြားချက်များ နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအပေါ် လိုက်နာဆောင်ရွက်ရာတွင် ပြီးပြည့်စုံမှုနှင့် လိုက်နာဆောင်ရွက်မှု အဆင့်အမျိုးမျိုးရှိကြောင်း တွေ့ရှိရပါသည်။ ကုမ္ပဏီများအား အောက်ပါအတိုင်း အမျိုးအစား ခွဲခြားထားပါသည်။[1]

- "ထုတ်ဖော်ချက် ပြည့်စုံသည်" - ဤအမျိုးအစားရှိ ကုမ္ပဏီများသည် အချက်အလက်ကြေညာသည့်ပုံစံများတွင် အဓိပ္ပာယ် သတ်မှတ်ချက်များ နှင့် ညွှန်ကြားချက်များအတိုင်း ပြည့်စုံစွာ ဖြည့်ပေးကြပါသည်။ *ပြည့်စုံစွာ ဖြည့်စွက်ရုံမျှဖြင့် ထုတ်ဖော်သော အချက်အလက်များအားလုံး သေချာပေါက်မှန်ကန်ပါသည်ဟု အဓိပ္ပာယ်မမှတ်ယူ နိုင်ကြောင်းကို သတိပြုရန် အရေးကြီးပါသည်။* သို့သော် ယခုအစီရင်ခံစာအတွက် သုံးသပ်မှုအရ ဖြည့်စွက်ရန် လိုအပ်သည့် နေရာတိုင်းတွင် ထည့်သွင်းထားသည့် အချက်အလက်များအားလုံးသည် ယုံကြည်စိတ်ချနိုင်သည့် ပုံပေါ်ကြောင်း တွေ့ရှိရပါသည်။ ဥပမာ - ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ ၅% အထက်ပိုင်ဆိုင်သော တရားဝင် (အမည်ပေါက်) ပိုင်ရှင်များအဖြစ် အစီရင်ခံထားသော လူပုဂ္ဂိုလ်များအား အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ အဖြစ်လည်း အစီရင်ခံထားပါသည်။ ထိုကဲ့သို့ (တရားဝင်ပိုင်ရှင်များသည် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများပင်ဖြစ်သည်ဟု) အစီရင်ခံထားသော်လည်း အမည်ခံပေးခြင်း ဖြစ်နိုင်ပြီး အလိုလျောက် မှန်ကန်သည့် အချက်အလက်များဟု သေချာပေါက် မဆိုနိုင်သေးပါ။ ထို့အပြင် ၅% ထက် ပိုင်ဆိုင်မှုနည်းသော အစုရှယ်ယာရှင်များကိုလည်း အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများအဖြစ် အစီရင်ခံထားသော ကုမ္ပဏီများလည်းရှိသည်။ **ယခုအမျိုးအစားအရ သတ်မှတ်ချက်များ တွင် ကုမ္ပဏီပေါင်း ၈၀ အကျုံးဝင်ပါသည်။**

[1] အမျိုးအစားအလိုက် ကုမ္ပဏီစာရင်းနှင့် ၎င်းတို့တင်သွင်းလိုက်သည့် အချက်အလက်ကြေညာသည့်ပုံစံများတွင် ပါဝင်သည့် အားနည်းချက်များ/ အမှားများကို နောက်ဆက်တွဲ ၁ တွင် ကြည့်ရှုနိုင်ပါသည်။


- "ထုတ်ဖော်ချက်တွင် အမှားအနည်းငယ် ပါဝင်သည်" - ဤအမျိုးအစားရှိ ကုမ္ပဏီများမှ တင်သွင်းလာသည့် အချက်အလက်ကြေညာသည့်ပုံစံများတွင် ချန်လှပ်ထားမှုများ ပါရှိနေသော်လည်း အချက်အလက်များ၏ ယုံကြည်စိတ်ချရမှုကို သိသိသာသာ ထိခိုက်မှုမဖြစ်စေပါ၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့် စပ်လျဉ်းသည့် ယူဆချက်များနှင့် လိုအပ်ချက်များအပေါ် နားလည်သဘောပေါက်မှု မရှိဟုလည်း မဆိုနိုင်ပါ။ ဥပမာ - ဆက်သွယ်ရမည့် အဖွဲ့အစည်း၏ တာဝန်ခံအမည် ပျောက်နေခြင်း၊ ပိုင်ဆိုင်သည့်ရှယ်ယာရာခိုင်နှုန်း ဖြည့်သွင်းထား သော်လည်း ရှယ်ယာအရေအတွက် မပါဝင်ခြင်း။ ထို့အပြင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (သို့) အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီကို အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအဖြစ် ဖော်ပြသည့် ကုမ္ပဏီများအနေဖြင့် အချက်အလက်ကြေညာသည့်ပုံစံတွင် သက်ဆိုင်ရာအချက်အလက် တောင်းခံသည့်နေရာ မပါဝင်သည့်အတွက် ၎င်းတို့၏ အမည်များကို သေသေချာချာ ထုတ်ဖော်နိုင်ခြင်း မရှိခဲ့ပါ။ အဆိုပါလိုအပ်ချက်သည် သိသာထင်ရှားသည့် အားနည်းမှု ဖြစ်သော်လည်း နည်းပညာချို့ယွင်းချက်၏ အကျိုးဆက်ဖြစ်သည့်အတွက် ယင်းကုမ္ပဏီများအား ယခုအမျိုးအစားတွင်သာ ထည့်သွင်းဖော်ပြထားသည်။ **ယခုအမျိုးအစားတွင် ကုမ္ပဏီပေါင်း ၁၀ အကျုံးဝင်ပါသည်။**

- "ထုတ်ဖော်ချက်တွင် သိသာထင်ရှားသော အမှားများစွာ ပါဝင်သည်" - ဤအမျိုးအစားရှိ ကုမ္ပဏီများမှ တင်သွင်းလာသည့် အချက်အလက်များတွင် ချန်လှပ်ထားမှုများ (သို့) အမှားများ ပါရှိနေပြီး ယင်းတို့သည် အချက်အလက်များ၏ ယုံကြည်စိတ်ချရမှုကို သိသာစွာ ထိခိုက်စေသည်။ သို့မဟုတ်/ ထို့အပြင် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုနှင့် စပ်လျဉ်းသည့် ယူဆချက်များနှင့် လိုအပ်ချက်များအပေါ် နားလည်သဘောပေါက်ရာတွင် အားနည်းချက်များ ရှိနေသည်။ ယခုအမျိုးအစားပါ ကုမ္ပဏီများအားလုံးသည် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ မရှိဟု အစီရင်ခံတင်ပြထားသော်လည်း အများစုက အစုရှယ်ယာပိုင်ရှင်များ လူပုဂ္ဂိုလ်များ ရှိနေခြင်း၊ (သို့) ၎င်းတို့၏ တရားဝင် (အမည်ပေါက်) ပိုင်ရှင်များတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (သို့) အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်သောကုမ္ပဏီနှင့်စပ်လျဉ်း၍ အချက်အလက်များ ပိုမိုထုတ်ဖော်ပေးရန် လိုအပ်နေခြင်းတို့ကို တွေ့ရှိရသည် (အသေးစိတ်ကို အပိုင်း ၂.၄.၁ တွင် ဖတ်ရှုပါ)။ ပိုင်ဆိုင်မှုပုံစံအမျိုးအစားများ ရွေးချယ်ရာတွင် သိသာထင်ရှားသော အမှားများပါဝင်ခြင်း၊ တရားဝင် (အမည်ပေါက်) ပိုင်ဆိုင်မှုများနှင့်စပ်လျဉ်း၍ တစ်ချို့တစ်ဝက်သာ တင်ပြခြင်း၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအား နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူများအဖြစ် တင်ပြရန် ပျက်ကွက်ခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာနိုင်ငံ (သို့) ဆက်နွယ်သော အစိုးရအဖွဲ့အစည်း အမည်ကို ထုတ်ဖော်ရန် ပျက်ကွက်ခြင်း တို့ပါဝင်ပါသည်။ ထို့ပြင် အချို့ အစုရှယ်ယာပိုင်ရှင်များ (လူပုဂ္ဂိုလ်များ) အား အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများအဖြစ် သော်လည်းကောင်း ၊ အနည်းဆုံး အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများအတွက် တစ်ဆင့် အမည်ခံထားပေးသူများ အဖြစ်သော်လည်းကောင်း တင်ပြသင့်သော်လည်း ချန်လှပ်ခဲ့သည့် ကုမ္ပဏီများလည်း ပါဝင်ပါသည်။ ထို့အပြင် အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်သော ကုမ္ပဏီများမှ စတော့ဈေးကွက်အမည်များ ထုတ်ဖော်ရန် ပျက်ကွက်ခြင်း (သို့) ထုတ်ဖော်သည့် အင်တာနက်စာမျက်နှာလိပ်စာသည် စတော့ဈေးကွက်တွင် စာရင်းရှင်းတမ်းများကို တင်ထားသည့် စတော့ရှယ်ယာဖိုင်ဆီသို့ ရောက်ရှိသွားခြင်း မရှိသည့်

ကုမ္ပဏီများလည်း ပါဝင်ပါသည်။ **အားလုံးပေါင်းအနေဖြင့် ယခုအမျိုးအစားတွင် ကုမ္ပဏီပေါင်း ၃၁ ခု အကျုံးဝင်ပါသည်။**

- "အချက်အလက်များ လုံးဝထုတ်ဖော်ခြင်းမရှိ" - ဤအမျိုးအစားတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်များ ထုတ်ဖော်ရန် အကျုံးဝင်သော်လည်း အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့မှ ဆုံးဖြတ်ထားသည့် နောက်ဆုံးတင်သွင်းရမည့်ရက်အမီ အချက်အလက်ကြေညာသည့်ပုံစံများအား တင်သွင်းရန် ပျက်ကွက်ခဲ့သည့် ကုမ္ပဏီများအားလုံး ပါဝင်ပါသည်။ နောက်ဆုံးတင်သွင်းရမည့်ရက် နောက်တွင်မှ အချက်အလက်များ တင်သွင်းလာသည့် ကုမ္ပဏီများကိုလည်း ထည့်သွင်းထားပါသည်။ ယခုအမျိုးအစားပါ **ကုမ္ပဏီ ၄၂ ခု**အနက် ၈ ခုမှာ DICA မှ ပေးအပ်ထားသည့် ၎င်းတို့၏အကောင့်များကို ဝင်ရောက်ခြင်း၊ အချက်အလက်ဖြည့်သွင်းရမည့်ပုံစံသို့ ကြည့်ရှုခြင်း လုံးဝမရှိခဲ့ပါ။

| **DICA မှ ပေးအပ်ထားသည့် အကောင့်များအား တစ်ကြိမ်တစ်ခါမျှ ဝင်ရောက်အသုံးပြုခဲ့မှုမရှိသည့်ကုမ္ပဏီများ** | |
|---|---|
| Chinnery Assets Limited (Myanmar Branch) | Oil India Limited (Myanmar Branch) |
| Gail (India) | Petrovietnam Drilling and Well Service Corporation (Branch Office) |
| Korea Gas Corporation | TAP energy (M-7) Pte. Ltd. (Myanmar branch) |
| TRG Pte. Ltd. | ထွန်းသွင်သတ္တုကုမ္ပဏီလီမိတက် (Tun Thwin Mining Company Limited) |





## ၂.၁.၂။ အချက်အလက်ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများအကြောင်း (Profile)

အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်ကြေညာသည့် ပုံစံများအား တင်သွင်းခဲ့သည့် ကုမ္ပဏီများအနက် ၈၅%မှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားကြပြီး ၇၆% မှာ ပုဂ္ဂလိက ကုမ္ပဏီများဖြစ်ပါသည်။ ကုမ္ပဏီပေါင်း ၁၂ ခုသည် နိုင်ငံခြားသားများအား အခွန်စည်းကြပ်မှု လျှော့ပေါ့ပေးထားသော နှင့်/ သို့ကုမ္ပဏီများ ဖွဲ့စည်းပုံ၊ ပိုင်ရှင်တို့နှင့်

သက်ဆိုင်သည့် အချက်များကို လျှို့ဝှက်ပေးထားနိုင်သော နိုင်ငံများတွင် မှတ်ပုံတင်ထားသည်ကို တွေ့ရပါသည်။ (ဘာမြူဒါ၊ ဂျာစီ၊ ကေမန်ကျွန်းစု၊ နယ်သာလန်၊ စင်ကာပူ၊ စဉ့်မာတင်၊ ဗြိတိသျှ ဗာဂျင်ကျွန်းများ )

| **ဖွဲ့စည်းတည်ထောင်ရာနိုင်ငံ** | | | |
|---|---|---|---|
| ဘာမြူဒါ | ၂ | မြန်မာ | ၁၀၃ |
| ကနေဒါ | ၁ | နယ်သာလန် | ၁ |
| ပြင်သစ် | ၁ | ပနားမား | ၁ |
| အိန္ဒိယ | ၁ | စင်ကာပူ | ၄ |
| ဂျာစီ | ၁ | စဉ့်မာတင် (SX) | ၁ |
| ဂျပန် | ၁ | ထိုင်း | ၁ |
| တောင်ကိုရီးယား | ၁ | ဗြိတိသျှ ဗာဂျင်ကျွန်းများ (VG) | ၁ |
| ကေမန်ကျွန်းစု | ၁ | | |
| **စုစုပေါင်း** | | | **၁၂၁** |

| **ကုမ္ပဏီအမျိုးအစားများ** | |
|---|---|
| နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (state-owned enterprise - SOE) (သို့) အစိုးရဌာနတစ်ခု | ၆ |
| သမဝါယမအသင်း | ၁ |
| နိုင်ငံခြားတွင် မှတ်ပုံတင်၊ ဖွဲ့စည်းထားသည့်ကုမ္ပဏီများ | ၁၄ |
| ပုဂ္ဂလိကကုမ္ပဏီ | ၉၂ |
| အများပိုင် ကုမ္ပဏီ (စတော့ဈေးကွက်တွင် စာရင်းဝင်ပြီး အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များ ထုတ်ဖော်ရန် လိုသည်) | ၄ |
| အများပိုင်ကုမ္ပဏီ (သို့သော်စတော့ဈေးကွက်တွင် စာရင်းမဝင်) | ၄ |
| **စုစုပေါင်း** | **၁၂၁** |




## ၂.၁.၃။ ကုမ္ပဏီများ၏ သက်သေခံအချက်အလက်များ

အချက်အလက်ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများကို စိစစ်နိုင်သည့်အချက်အလက်များ ဖြည့်သွင်းရမည့်နေရာများတွင် DICA ဒေတာဘေ့စ်တွင် ရှိနှင့်ပြီးဖြစ်သော ကုမ္ပဏီအမည်၊ မှတ်ပုံတင်သည့်နိုင်ငံ၊ မှတ်ပုံတင်အမှတ်နှင့် ကုမ္ပဏီ၏ ဆက်သွယ်ရန် လိပ်စာတို့အား ကြိုတင်ဖြည့်ပေးထားပါသည်။ သို့သော်လည်း ၎င်းတို့အနေဖြင့် အပြောင်းအလဲရှိပါက ပြင်ဆင်နိုင်ရန် ပြုလုပ်ထားပေးပါသည်။ ထို့အတူ တရားဝင် (အမည်ပေါက်) ပိုင်ရှင်များ၏ အချက်အလက်များအားလည်း ကုမ္ပဏီမှတ်ပုံတင်ရာတွင် ရရှိထားသော အချက်အလက်များဖြင့် DICA မှ ကြိုတင်ဖြည့်ပေးထားပါသည်။ အချက်အလက် ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများအနေဖြင့် ယင်းအချက်အလက်များကိုလည်း ပြင်ဆင်နိုင်ပါသည်။

- မှတ်ပုံတင်နံပါတ်မရှိသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ နှင့် သမကုမ္ပဏီများမှလွဲ၍ အချက်အလက် ထုတ်ဖော် ကြေငြာသည့်အဖွဲ့အစည်းများအားလုံးက ၎င်းတို့၏မှတ်ပုံတင်နံပါတ်များကို ပုံစံမှန်စွာ ဖြည့်သွင်းထားပါသည်။ (ဂဏန်း ၉ လုံး)

- ကုမ္ပဏီ ၂ ခုမှလွဲ၍ ကုမ္ပဏီလိပ်စာများ အားလုံးကို ပြည့်စုံစွာ ဖြည့်သွင်းထားပါသည်။

- ရေနံ နှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီများအနက် အနည်းဆုံးနှစ်ခုမှာ ၎င်းတို့၏ တရားဝင် (အမည်ပေါက်) ပိုင်ဆိုင်မှုများနှင့်စပ်လျဉ်း၍ တစ်ချို့တစ်ဝက်ကိုသာထုတ်ဖော်ထားပါသည်။ TOTAL E & P MYANMAR (YANGON BRANCH) နှင့် MOATTAMA GAS TRANSPORTATION CO., LTD. (BRANCH) တို့ ဖြစ်ပါသည်။[2] ထိုသို့ အပြည့်အစုံဖော်ပြရန် မလိုအပ်ခြင်းမှာ အင်တာနက်စာမျက်နှာတွင် ဖြည့်သွင်းရသည့်

[2] ထိုကုမ္ပဏီနှစ်ခုလုံး၏ ပိုင်ရှင်မှာ Total group ဖြစ်ပါသည်။

ပုံစံတွင် တရားဝင် ပိုင်ဆိုင်မှုရာခိုင်နှုန်းများသည် ၁၀၀% အတိအကျ ကိုက်ညီရန် မလိုသည့်အတွက်ကြောင့် ဖြစ်သည်။ အလားတူ PB MYANMAR COMPANY LIMITED မှ ထုတ်ဖော်ထားသော တရားဝင်ပိုင်ဆိုင်မှု ရာခိုင်နှုန်းစုစုပေါင်းသည် ၁၀၀% ထက် အနည်းငယ် ကျော်နေပါသည်။

## ၂.၂။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ထုတ်ဖော်ချက်များ

**ပထမအကြိမ် အချက်အလက်ထုတ်ဖော်မှု လုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၇ ခု အကျုံးဝင်ပါသည်။** ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ နှင့် အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းတို့သည် DICA ဝက်ဘ်ဆိုက်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အမျိုးအစားအဖြစ် မှတ်ပုံမတင်ထားသော်လည်း သတ္တုကဏ္ဍတွင် မှတ်ပုံတင်နံပါတ်အစား "နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း" ကို ဟု ဖြည့်သွင်းထားပါသည်။ ထို့ကြောင့် ၎င်းတို့ကိုပါ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအဖြစ် ထည့်သွင်းထားပါသည်။

အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့၏ ညွှန်ကြားချက်များအရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အနေဖြင့် ၎င်းတို့၏ နိုင်ငံနှင့် ဆက်နွယ်သော အစိုးရအဖွဲ့အစည်းအမည်တို့ကို ထုတ်ဖော်ရမည်ဖြစ်ပါသည်။ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများကို ထုတ်ဖော်ရန်မလိုအပ်သော်လည်း အချက်အလက်ကြေညာသည့် ပုံစံများအား တင်ပြရန် လိုအပ်ပါသေးသည်။ **၎င်းတို့အနက် အမှတ် (၂) သတ္တုတွင်းလုပ်ငန်းသည်သာ အချက်အလက်ကြေညာသည့်ပုံစံကို တင်ပြရန် ပျက်ကွက်ခဲ့ပါသည်။** နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အချက်အလက်ကြေညာသည့်ပုံစံများတွင် အမှားအနည်းငယ် ပါဝင်သည့် နေရာများရှိပြီး သိသာထင်ရှားသော အမှားများစွာ ပါဝင်ခြင်းများလည်း ရှိပါသည်။

- အချက်အလက်ကြေညာသည့်ပုံစံကို တင်သွင်းခဲ့သည့် ကုမ္ပဏီများအားလုံးထဲတွင် အမှတ် ၁ သတ္တုတွင်းလုပ်ငန်း မှလွဲ၍ အခြားသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ၎င်းတို့နှင့် ဆက်နွယ်သော အစိုးရအဖွဲ့အစည်းအမည်ကို ထုတ်ပြန်ခဲ့သည်

- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအားလုံး၏ အချက်အလက်ဖြည့်သွင်းသည့်ပုံစံတွင် ဌာနဆိုင်ရာ အရာရှိကြီး တစ်ဦးစီမှ အတည်ပြု လက်မှတ်ရေးထိုးပေးထားသော်လည်း အမှတ် ၁ သတ္တုတွင်းလုပ်ငန်းမှ ဖြည့်သွင်းသည့် ပုံစံတွင် အတည်ပြုလက်မှတ်ရေးထိုးသူ၏ ရာထူးအား မဖော်ပြထားပါ

- အမှတ် ၁ အကြီးစားစက်မှုလုပ်ငန်းက ဆက်သွယ်ရန်ပုဂ္ဂိုလ်အမည်နှင့် ရုံးလိပ်စာတို့ကို ဖော်ပြမထားပါ

- မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ အချက်အလက်ဖြည့်သွင်းသည့်ပုံစံတွင် အချက်အလက်များ မှန်ကန်ကြောင်း တာဝန်ခံအတည်ပြုသည့် ပုဂ္ဂိုလ်၏ နိုင်ငံသားမှတ်ပုံတင်နံပါတ်ကို ထည့်သွင်း ဖော်ပြထားမှု မရှိပါ

| **အချက်အလက်များထုတ်ဖော်ရမည့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ** | **အချက်အလက်ကြေညာသည့် ပုံစံအား တင်သွင်းခြင်း** | **ဆက်နွယ်သောအစိုးရ အဖွဲ့အစည်းအမည်အား ထုတ်ပြန်ခြင်း** | **အတည်ပြုလက်မှတ် ရေးထိုးပေးသူ** |
| --- | --- | --- | --- |

| | | | |
|---|---|---|---|
| **အမှတ် (၁) သတ္တုတွင်းလုပ်ငန်း** | ထုတ်ပြန်ခဲ့သည် | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (ကနဦး၌ထုတ်ပြန်ခဲ့ခြင်းမရှိပါ။) | အမှတ် (၁) သတ္တုတွင်းလုပ်ငန်း (ရာထူးကို ညွှန်ပြထားခြင်းမရှိပါ။) |
| **အမှတ် (၂) သတ္တုတွင်းလုပ်ငန်း** | မထုတ်ပြန်ခဲ့ပါ | - | - |
| **မြန်မာ့ရေနံ နှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း** | ထုတ်ပြန်ခဲ့သည် | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ဒု-ညွှန်ကြားရေးမှူးချုပ် |
| **မြန်မာ့ပုလဲထုတ်လုပ်ရေး နှင့် ရောင်းဝယ်ရေးလုပ်ငန်း** | ထုတ်ပြန်ခဲ့သည် | သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေး မှူး |
| **မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း** | ထုတ်ပြန်ခဲ့သည် | သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | အထွေထွေမန်နေဂျာ |
| **ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ** | ထုတ်ပြန်ခဲ့သည် | ရန်ကုန်မြို့တော်စည်ပင်သာယာ ရေး ကော်မတီ | ညွှန်ကြားရေးမှူး |
| **အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း** | ထုတ်ပြန်ခဲ့သည် | စက်မှုဝန်ကြီးဌာန | ဒု- အထွေထွေမန်နေဂျာ |

ပထမအကြိမ် အချက်အလက်ထုတ်ဖော်မှု လုပ်ငန်းစဉ်တွင် **တပ်မတော်နှင့် ဆက်စပ်သော ကုမ္ပဏီ ၂ ခုဖြစ်သည့်** မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း တို့ပါဝင်ပါသည်။ **မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MEHL) မှ အချက်အလက်များအား တင်ပြခဲ့သော်လည်း မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) မှ အချက်အလက်ကြေညာသည့်ပုံစံအား မတင်ပြခဲ့ပါ။**

**မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ အချက်အလက်ကြေညာသည့်ပုံစံတွင် ထင်ရှားသော ဟာကွက်များပါဝင်နေသည်။** မိမိကိုယ်ကို တရားဝင် (အမည်ပေါက်) ပိုင်ရှင်အဖြစ် ဖော်ပြထားပြီး အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများတွင် အကြီးတန်းတပ်မတော်အရာရှိများ ပါဝင်နေသော်လည်း နိုင်ငံရေးအရ သြဇာတိက္ကမရှိသူများအဖြစ် တင်ပြထားခြင်းမရှိပါ။

ထုတ်ပြန်ချက်များမှတဆင့် ကယားပြည်နယ် သတ္တုထုတ်လုပ်ရေးကုမ္ပဏီလီမိတက် (KAYAH STATE MINERAL PRODUCTION COMPANY LIMITED) နှင့် မြန်မာအင်ပီးရီးရယ်ဂျိတ် (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက် (MYANMAR IMPERIAL JADE (GEMS & JEWELLERY) COMPANY LIMITED) တို့၏ တရားဝင် (အမည်ပေါက်) ပိုင်ရှင်မှာ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဖြစ်ကြောင်း သိရှိရပါသည်။ သို့သော် ယင်းကုမ္ပဏီ ၂ ခု၏ တရားဝင် (အမည်ပေါက်) ပိုင်ရှင်စာလုံးပေါင်းမှာ အနည်းငယ်ကွာခြားပြီး (မြန်မာ့စီးပွားရေးဦးပိုင် လီမိတက် နှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်) ပါသည်။ ထို့ပြင် ယင်းကုမ္ပဏီ ၂ ခုမှ ဦးပိုင်၏ ယခင်မှန်ပုံတင်နံပါတ်အဟောင်းကို (၂၈/၁၉၉၀-၁၉၉၁) ကို အသုံးပြုထားပါသည်။ ယင်းနံပါတ်သည် ဦးပိုင်ကိုယ်တိုင် အသုံးပြုလျက်ရှိသည့် နံပါတ် (၁၅၆၃၈၇၂၈၂) နှင့် ကွဲလွဲနေပါသည်။ မိခင်အဖွဲ့အစည်းဖြစ်သည့်

မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က အကျိုးအမြတ်ရရှိ ပိုင်ဆိုင်သူများရှိကြောင်း အစီရင်ခံထားသော်လည်း လက်ခွဲဖြစ်သည့် ယင်းကုမ္ပဏီ (၂) ခုမှ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ မရှိဟု ဆိုပါသည်။

အချက်အလက်ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများအနက် နိုင်ငံခြားမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအဖြစ် မိမိကိုယ်ကို သတ်မှတ်ဖော်ပြထားသည့်အဖွဲ့အစည်း မရှိပါ။

## ၂.၃။ အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်သောကုမ္ပဏီများ၏ ထုတ်ဖော်ချက်များ

**အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များထုတ်ဖော်ရန်လိုအပ်သည့် အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်သော ကုမ္ပဏီများအတွက်** ၎င်းတို့ထုတ်ဖော်ရမည့် အချက်အလက်များနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ညွှန်ကြားချက်များ သီးသန့်ရှိပါသည်။ EITI စံနှုန်း နှင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်များအရ ထိုအဖွဲ့များအနေဖြင့် ၎င်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများကို ထုတ်ဖော်ရန် မလိုအပ်ဘဲ ကုမ္ပဏီမှတ်ပုံတင်ထားသည့်၊ ၎င်းတို့၏ အစုရှယ်ယာများကို ရောင်းချလျက်ရှိသည့် စတော့ဈေးကွက်အမည် နှင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများကို ဖော်ပြထားပြီးဖြစ်သည့် အင်တာနက်စာမျက်နှာလိပ်စာကိုသာ ဖော်ပြပေးရန် လိုအပ်သည်။ ကုမ္ပဏီ ၄[3] ခုအား အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဆိုင်ရာအချက်အလက်များထုတ်ဖော်ရမည့် အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်သည့် ကုမ္ပဏီများအဖြစ် သတ်မှတ်နိုင်ပါသည်။ ထုတ်ဖော်ချက်များ၏ ပြီးပြည့်စုံမှုများနှင့် စပ်လျဉ်း၍ အသေးစိတ် အချက်အလက်များကို အောက်တွင် ဖော်ပြထားပါသည်။

| | **ဖြည့်ပါသည်** | **မဖြည့်ပါ** |
|---|---|---|
| **စတော့ဈေးကွက်အမည်** | ၃ | ၁[4] |
| **စတော့ဈေးကွက်တွင် စာရင်းရှင်းတမ်းများကို တင်ထားသည့် အင်တာနက် စာမျက်နှာလိပ်စာ** | ၁[5] | ၃ ခုမှာ စာရင်းရှင်းတမ်းများ[6] ဆီသို့ ရောက်ရှိမသွားပါ |

[3] PTTEP SOUTH ASIA LIMITED. (YANGON BRANCH)
ENI MYANMAR B.V(MYANMAR BRANCH)
POSCO INTERNATIONAL CORPORATION (MYANMAR E&P OFFICE)
PTTEP INTERNATIONAL LTD. (YANGON BRANCH)

[4] PTTEP INTERNATIONAL LTD. (YANGON BRANCH)

[5] POSCO INTERNATIONAL CORPORATION (MYANMAR E&P OFFICE): http://dart.fss.or.kr/


[6] PTTEP SOUTH ASIA LIMITED. (YANGON BRANCH): http://www.settrade.com
ENI MYANMAR B.V(MYANMAR BRANCH): https://www.eni.com/en_IT/home.page
PTTEP INTERNATIONAL LTD. (YANGON BRANCH): http://www.pttep.com

## ၂.၄။ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ

### ၂.၄.၁။ ကုမ္ပဏီများ၏ ဖော်ပြချက်များနှင့် ဖြည့်သွင်းရန် ကျန်ရှိနေသည့်အချက်များ

အချက်အလက်ကြေညာသည့်ပုံစံကို တင်သွင်းခဲ့သည့် ကုမ္ပဏီပေါင်း ၁၂၁ ခုအနက် ၁၀ ခုမှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (သို့) အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်သောကုမ္ပဏီများဖြစ်ပြီး ၎င်းတို့အတွက် သီးသန့်သတ်မှတ်ထားသော ညွှန်ကြားချက်များရှိပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ၎င်းတို့အနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များဖြည့်သွင်းထားသည့် ပုံစံကို တင်သွင်းရသော်လည်း အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ လူပုဂ္ဂိုလ်များကို ထုတ်ဖော်ရန်မလိုအပ်ပါ။ **ကျန်ရှိသည့် ကုမ္ပဏီ ၁၁၁ ခုတွင် ကုမ္ပဏီ ၉၅ ခု (သို့) ၈၆% သည် အနည်းဆုံး အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ တစ်ယောက်ရှိကြောင်း တင်ပြခဲ့ပါသည်။ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအရေအတွက်မှာ ကုမ္ပဏီအပေါ်မူတည်၍ ၁ ယောက်မှ ၈ ယောက်အထိရှိပြီး ပျမ်းမျှအားဖြင့် ကုမ္ပဏီတစ်ခုတွင် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူ ၂.၈ ယောက်ရှိပါသည်။**

| **သင့်ကုမ္ပဏီတွင် အထက်ပါသတ်မှတ်ချက်များဖြင့် ကိုက်ညီမှုရှိသည့် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများ ရှိပါသလား။** | |
|---|---|
| **မရှိပါ** | ၁၆ |
| **ရှိပါသည်** | ၉၅ |
| **အကျုံးမဝင်ပါ** | ၁၀ |
| **စုစုပေါင်း** | **၁၂၁** |



အချုပ်အားဖြင့် (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ နှင့် အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်သောကုမ္ပဏီများမပါဝင်) **ကုမ္ပဏီပေါင်း ၁၆ ခုသည် မြန်မာနိုင်ငံ EITI မှ သတ်မှတ်ထားသည့် စံနှုန်းများဖြင့်ကိုက်ညီသည့် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူတစ်ယောက်မျှမရှိပါဟု အစီရင်ခံတင်ပြထားပါသည်။**

| **အကျိုးအမြတ်ရရှိပိုင်ဆိုင်သူမရှိဟု တင်ပြခဲ့သည့် ကုမ္ပဏီများ** | |
|---|---|
| **နိုင်ငံခြားတွင်မှတ်ပုံတင်၊ ဖွဲ့စည်းထားသည့်ကုမ္ပဏီများ** | ၃ |
| **ပုဂ္ဂလိကကုမ္ပဏီများ** | ၁၀ |
| **အများပိုင်ကုမ္ပဏီ (သို့သော် စတော့ဈေးကွက်တွင် စာရင်းမဝင်)** | ၃ |

**အဆိုပါကုမ္ပဏီများ၏ ထုတ်ဖော်ချက်များကို သုံးသပ်လိုက်သည့်အခါ၌ တင်ပြသည့် အချက်အလက်များ၏ ယုံကြည်စိတ်ချရမှု ကို ယုတ်လျော့စေနိုင်သည့် စဉ်းစားဖွယ်ရာ အချက်များပေါ်ထွက်ပေါ်လာပါသည်။**

- ကုမ္ပဏီ ၆ ခု[7] အနေဖြင့် အစုရှယ်ယာ ၅% အထက်ပိုင်ဆိုင်သော **အစုရှယ်ယာပိုင်ရှင်ပုဂ္ဂိုလ်များကို အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများအဖြစ် (သို့) အမှန်တကယ် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ ကြားခံလူပုဂ္ဂိုလ်များ (သို့) ကုမ္ပဏီများအဖြစ် ထုတ်ဖော်တင်ပြထားခြင်းမရှိပါ။** ယင်းထိမ်ချန်ထားမှုများသည် အကျိုးအမြတ်ရရှိ ပိုင်ဆိုင်မှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များအား နားလည်သဘောပေါက်မှုလွဲ၍ ဖြစ်နိုင်ကြောင်း ဖော်ပြနေပါသည်။ စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်တစ်ချက်မှာ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများကို ထုတ်ဖော်ရန်လိုအပ်သည့် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ တရားဝင် (အမည်ပေါက်) ပိုင်ရှင်များကိုလည်း ထုတ်ဖော်ရမည်ဆိုသည့် အချက်ကြောင့် ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာပိုင်ရှင် လူပုဂ္ဂိုလ်များနှင့်စပ်လျဉ်းသည့် အချက်အလက်များအား အများပြည်သူအနေဖြင့် သိရှိနိုင်ပါသေးသည်။

- အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်သောကုမ္ပဏီများဖြစ်သည့် Total နှင့် Chevron တို့အပေါ် မှီတည်နေပုံရသည့် ကုမ္ပဏီ ၃ ခု[8] က **မြန်မာနိုင်ငံ EITI မှ သတ်မှတ်ထားသည့် စံနှုန်းများဖြင့်ကိုက်ညီသည့်** အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ "မရှိ" ကြောင်း ဖြည့်သွင်းခဲ့သည်။ ယင်းကုမ္ပဏီများအနေဖြင့် အများပိုင်၊

[7] KYAW NAING & BROTHERS GEMS COMPANY LIMITED
SHINING STAR LIGHT GEMS & JEWELLERY CO., LTD,
SAI LAUNG HEIN MINING COMPANY LIMITED,
PHYO PYAE SONE GEMS COMPANY LIMITED
SHWE BYAIN PHYU GEMS COMPANY LIMITED
CHAOW BROTHERS GEMSTONE ENTERPRISE LIMITED

[8] UNOCAL MYANMAR OFFSHORE COMPANY LIMITED (YANGON BRANCH),
MOATTAMA GAS TRANSPORTATION CO., LTD. (BRANCH),
TOTAL E & P MYANMAR (YANGON BRANCH)

စတော့ဈေးကွက်တွင် စာရင်းဝင်သောကုမ္ပဏီများ နှင့် ချိတ်ဆက်နေသည့် ပိုင်ဆိုင်မှုကွင်းဆက်အဆင့်ဆင့်အား ထုတ်ဖော်ရန် ပျက်ကွက်ခဲ့ပါသည်။

- ကုမ္ပဏီတစ်ခု[9] မှ ၎င်း၏ တရားဝင် (အမည်ပေါက်) အစုရှယ်ယာပိုင်ရှင်များအား နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း၊ အများပိုင် စတော့ဈေးကွက်တွင် စာရင်းဝင်သော ကုမ္ပဏီ နှင့် စတော့ဈေးကွက်မဝင်သော အများပိုင်ကုမ္ပဏီ များအဖြစ် ဖော်ပြသော်လည်း အကျိုးအမြတ်ရရှိပိုင်ဆိုင်သူကို သတ်မှတ်ဖော်ထုတ်ရန် ပျက်ကွက်ခဲ့ပါသည်။ ထိုကုမ္ပဏီအနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့၏ ညွှန်ကြားချက်များအရ အချက်အလက်ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများအနေဖြင့် အများပိုင်ကုမ္ပဏီ၏ ပိုင်ဆိုင်မှုကွင်းဆက် တစ်လျှောက်ရှိ လူပုဂ္ဂိုလ်ဆိုင်ရာ အချက်အလက်များ၊ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းအတွက် အသေးစိတ် အချက်အလက် (သက်ဆိုင်ရာနိုင်ငံ နှင့် ဆက်နွယ်သောအစိုးရ အဖွဲ့အစည်းအမည်) နှင့် အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်သော ကုမ္ပဏီအတွက် အသေးစိတ်အချက်အလက် (စတော့ဈေးကွက်အမည်နှင့် စတော့ဈေးကွက်တွင် စာရင်းရှင်းတမ်းများကို တင်ထားသည့် အင်တာနက်စာမျက်နှာလိပ်စာ)တို့ကို ဖော်ပြပေးခဲ့သင့်ပါသည်။

- မြန်မာအင်ပီးရီးရယ်ဂျိတ် (ကျောက်မျက်ရတနာ) ကုမ္ပဏီလီမိတက် ((MYANMAR IMPERIAL JADE (GEMS & JEWELLERY) COMPANY LIMITED) နှင့် ကယားပြည်နယ်သတ္တုထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် (KAYAH STATE MINERAL PRODUCTION COMPANY LIMITED) တို့က မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အား မိခင်ကုမ္ပဏီအဖြစ် တင်ပြခဲ့ပါသည်။ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ၎င်း၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများကို ဖော်ထုတ်ခဲ့သည့်အတွက် အထက်ပါ ကုမ္ပဏီနှစ်ခုကလည်း အနည်းဆုံးအနေဖြင့် ဦးပိုင်မှတင်ပြလာသည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအား ၎င်းတို့၏အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအဖြစ် ဖော်ထုတ်ခဲ့သင့်ပါသည်။

- **ကုမ္ပဏီ ၄ ခု[10] က အခြားပုဂ္ဂလိကကုမ္ပဏီများအား ၎င်းတို့၏ တရားဝင် (အမည်ပေါက်) ပိုင်ရှင်များအဖြစ် တင်ပြခဲ့ပြီး အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများကို သတ်မှတ်ဖော်ထုတ်ခဲ့ခြင်း မရှိပါ။ မူအရ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအဖြစ် အကျုံးဝင်သည့် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်မျှမရှိခြင်း ဖြစ်နိုင်သော်လည်း ထိုအခြေအနေသည် အရင်းအနှီး ထည့်ဝင်သူ အလွန်များခြင်း၊ ကုမ္ပဏီအတွက် ဦးဆောင်ဆုံးဖြတ်ချက်ချမှတ်သည့် ကွင်းဆက် အလွန့်အလွန် များပြားမှသာလျှင် ဖြစ်နိုင်ပါသည်။**


➢ **ကုမ္ပဏီပေါင်း ၉၅ ခုမှ ထုတ်ဖော်ထားသည့် အကျိုးအမြတ်ရရှိသူပေါင်း ၂၇၀ ဦးတွင် ၉၇% သည် လူပုဂ္ဂိုလ်များဖြစ်ပါသည်။**

---

9 NIPPON OIL EXPLORATION (MYANMAR) LIMITED (YANGON BRANCH)

10 MYANMAR YANG TSE COPPER LIMITED,
FIRST RESOURCES COMPANY LIMITED,
MYANMAR RUBY ENTERPRISE (GEMS & JEWELLERY) COMPANY LIMITED,
MYANMAR WANBAO MINING COPPER LIMITED

| အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအမျိုးအစား | စုစုပေါင်း |
|---|---|
| လူပုဂ္ဂိုလ် | ၂၆၁ |
| အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင် ကုမ္ပဏီ | ၅ |
| နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း | ၄ |
| **စုစုပေါင်း** | **၂၇၀** |




## ၂.၄.၂။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ အဖြစ်ဖော်ပြခြင်း

အချို့အဖွဲ့အစည်းများက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၄ ခု[11] ကို မိမိတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ အဖြစ်ကြေညာထားပါသည်။ **သို့သော် အင်တာနက်စာမျက်နှာပေါ် ရှိ အချက်အလက်ကြေညာသည့်ပုံစံတွင် သက်ဆိုင်ရာ ဖြည့်သွင်းရမည့်နေရာ မပါရှိသဖြင့် ထိုနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အမည်များကို ဖြည့်သွင်းဖော်ပြနိုင်ခြင်းမရှိပါ။** သို့သော်လည်း ထိုအချက်အတွက် နေရာကို ပွင့်လင်းပုံစံ (open format data) တွင် ဖော်ပြထားသည်ကို တွေ့ရသည့်အတွက် ထည့်သွင်းရန်စီစဉ်ထားခဲ့သည်ဟု ယူဆရပါသည်။ ယင်းနည်းပညာပိုင်းဆိုင်ရာ ပြဿနာကို နောက်တကြိမ် အချက်အလက်များ ကောက်ယူသည့်အခါတွင် ထပ်မံမဖြစ်စေရန် ပြင်ဆင်ရပါမည်။

11 CORNERSTONE RESOURCES (MYANMAR) LTD
PB MYANMAR COMPANY LIMITED
GOLDPETROL JOINT OPERATING COMPANY INC. (YANGON BRANCH)
ONGC VIDESH LIMITED (BRANCH OFFICE)

အထက်ပါ ချို့ယွင်းချက်အပြင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း[12] ၄ ခုအနက်မှ ၃ ခု သာလျှင် ၎င်းတို့၏ ဆက်နွယ်သောအစိုးရ အဖွဲ့အစည်းနှင့် မိခင်နိုင်ငံများ (ဘရူနိုင်း၊ အိန္ဒိယ၊ တရုတ်) ကို ထုတ်ဖော်ထား သည်ကို တွေ့ရှိရသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုသည် အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်နေသည်ကို တွေ့ရှိရပါသည်။ အချက်အလက်ကြေညာသည့်ပုံစံတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် အများပိုင်၊ စတော့ဈေးကွက်စာရင်းဝင် ကုမ္ပဏီလည်း ဖြစ်နိုင်သည်ဆိုသည့် အချက်ကို ထည့်သွင်းမစဉ်းစားထားသည့်အတွက် ထိုအဖွဲ့အစည်းအနေဖြင့် ဖြည့်သွင်းရန်လိုအပ်သည့် အချက်များ (စတော့ဈေးကွက်အမည် နှင့် စတော့ဈေးကွက်တွင် စာရင်းရှင်းတမ်းများကို တင်ထားသည့် အင်တာနက်စာမျက်နှာ လိပ်စာ) ကို အခြားနေရာ (အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင် ကုမ္ပဏီအတွက် ဖြည့်သွင်းရမည့်နေရာများ) တွင် ဖြည့်သွင်းပေးခဲ့သည်ကို တွေ့ရှိရပါသည်။

## ၂.၄.၃။ အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင် ကုမ္ပဏီများကို အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအဖြစ် ဖော်ပြခြင်း

အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင် ကုမ္ပဏီများ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအဖြစ် ထုတ်ဖော်ချက်တွင် တောင်းခံထားသည့် အသေးစိတ်အချက်အလက်များမှာ ပြည့်စုံမှုမရှိပါ။

**အင်တာနက်စာမျက်နှာပေါ်ရှိ အချက်အလက်ကြေညာသည့်ပုံစံတွင် သက်ဆိုင်ရာဖြည့်သွင်းရမည့်နေရာ မပါရှိသဖြင့်** အချက်အလက်ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများက မိမိတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူသည် အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင် ကုမ္ပဏီ ဖြစ်နေပါက အမည်ကို ဖြည့်သွင်းဖော်ပြနိုင်ခြင်း မရှိပါ။ သို့သော်လည်း ထိုအချက်အတွက် နေရာကို ပွင့်လင်းပုံစံ (open format data) တွင် ဖော်ပြထားသည်ကို တွေ့ရသည့်အတွက် ထည့်သွင်းရန် စီစဉ်ထားခဲ့ကြောင်း ယူဆရပါသည်။ ယင်းနည်းပညာပိုင်းဆိုင်ရာ ပြဿနာကို နောက်တကြိမ် အချက်အလက်များ ကောက်ယူသည့်အခါတွင် ထပ်မံမဖြစ်စေရန် ပြင်ဆင်ရပါမည်။

ကုမ္ပဏီ ၅ ခု[13] က စတော့ဈေးကွက်အမည် ကို ထုတ်ဖော်ကြပါသည်။ ၎င်းတို့ထဲမှ ကုမ္ပဏီ ၃ ခုသည် စတော့ဈေးကွက်တွင် ၎င်းတို့၏ စာရင်းရှင်းတမ်းများကို တင်ထားသည့်၊ ဖတ်ရှုရရှိနိုင်သည့် အင်တာနက်စာမျက်နှာလိပ်စာ ကို ဖော်ပြထားသည်။ ကုမ္ပဏီတစ်ခုက စတော့ဈေးကွက်၏

---

[12] CORNERSTONE RESOURCES (MYANMAR) LTD သာလျှင် ၎င်း၏ မိခင်နိုင်ငံ နှင့် ဆက်နွယ်သော အစိုးရအဖွဲ့အစည်း အမည်ကို ထုတ်ဖော်ခဲ့ခြင်းမရှိပါ။

[13] SHELL MYANMAR ENERGY PTE LIMITED (YANGON BRANCH)
WOODSIDE ENERGY (MYANMAR) PTE LTD (YANGON BRANCH)
OPHIR MYANMAR (BLOCK AD-3) LIMITED (MYANMAR BRANCH)
BG EXPLORATION & PRODUCTION MYANMAR PTE.LIMITED(MYANMAR BRANCH)
GOLDPETROL JOINT OPERATING COMPANY INC. (YANGON BRANCH)

ယေဘုယျဝက်ဆိုက်ဘ်ကိုသာ ဖော်ပြထားပြီး[14] အခြားကုမ္ပဏီတစ်ခုမှာ အလုပ်မဖြစ် သည့် အင်တာနက်စာမျက်နှာလိပ်စာ[15] ကိုသာ ဖော်ပြထားပါသည်။

## ၂.၄.၄။ လူပုဂ္ဂိုလ်များကို အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအဖြစ် ဖော်ပြခြင်း

လူပုဂ္ဂိုလ်ကို အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအဖြစ် ထုတ်ဖော်ရန်အတွက် တောင်းခံထားသော အသေးစိတ် အချက်အလက်များမှာ အတန်အသင့် ပြည့်စုံသည်ဟု ဆိုနိုင်သည်။ မူအရဆိုလျှင် အချက်အလက် ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများအနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ လူပုဂ္ဂိုလ်များ၏ ကိုယ်ရေးအချက်အလက်များအားလုံးကို ပြည့်ပြည့်စုံစုံ ဖြည့်သွင်းထားခြင်းမရှိပါက အချက်အလက်ကြေညာသည့်ပုံစံကို တင်သွင်းမှုမပြုနိုင်ရန် ပြုလုပ်ထားသည်။ ထို့ကြောင့် အချက်အလက်ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများကလည်း ကွက်လပ်ချန်ထားရန် ဖြစ်နိုင်မည်မဟုတ်ပါ။

- ဖြည့်သွင်းထားသည့် အမည်များအားလုံးမှာ ဖတ်၍ရနိုင်သည့် ပုံပေါ်ပါသည်။ မြန်မာနိုင်ငံသားများအတွက် နိုင်ငံသားမှတ်ပုံတင်နံပတ်များမှာ စည်းမျဉ်းများအရ ရှိရမည့်ပုံစံများအတိုင်းရှိပါသည် (ဂဏန်း ၁လုံး (သို့) ၂ လုံး / အက္ခရာ ၆ လုံးမှ ၈ လုံး ( အက္ခရာ ၁ လုံး) ဂဏန်း ၆ လုံး)။ သို့သော် (အက္ခရာအကြီးများ အသုံးပြုခြင်း၊ နေရာလပ်ချန်ခြင်း အစရှိသည်ဖြင့်) ဖြည့်စွက်ထားသည့် ပုံစံများမှာ ကွာခြားသည့်အတွက်ကြောင့် ထိုအချက်အလက်များကို အသုံးပြုသူများအတွက် အသုံးပြုရာတွင်၊ နှိုင်းယှဉ်ရာတွင် အခက်အခဲများ ကြုံတွေ့နိုင်ပါသည်။
    - အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ အမည်တွင် "@" အကြိမ် (၃၀) အသုံးပြုထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ဒုတိယ (နှင့် တစ်ခါတစ်ရံတွင် တတိယမြောက်) အမည်များကိုပါ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ကြောင်း ညွှန်ပြနေပါသည်။

- လူပုဂ္ဂိုလ်များအားလုံး၏ အီးမေးလ် နှင့် ဖုန်းနံပါတ်များကိုလည်း ဖြည့်သွင်းထားကြပါသည်။ သို့သော် ဖုန်းနံပါတ်များတွင် မြို့/နိုင်ငံ များအတွက် ဒေသကုဒ်ကို မထည့်သွင်းသည့် အခါများလည်း ရှိပါသည်။

- လူပုဂ္ဂိုလ်တစ်ယောက်မှလွဲ၍[16] ကျန်လူပုဂ္ဂိုလ်များအားလုံး၏ မွေးသက္ကရာဇ်များကို ဖြည့်သွင်းခဲ့ပြီး ၁၉၃၀ ခုနှစ် နှင့် ၂၀၁၉ ခုနှစ် ကာလအပိုင်းအခြားအတွင်းရှိပါသည်။ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ ၂ ယောက်သည် ၂၀၁၉ ခုနှစ်အတွင်းမွေးဖွားသည်[17] ဆိုသည့်အချက်၏ ယုတ္တိရှိမှုအပေါ် သံသယဖြစ်ဖွယ်ကောင်းသည်မှလွဲ၍ အခြားသော အကျိုးအမြတ် ရရှိပိုင်ဆိုင်သူအားလုံးမှာ အနည်းဆုံးအသက် ၂၁ နှစ် ရှိကြပြီ ဖြစ်ပါသည်။

---

14 GOLDPETROL JOINT OPERATING COMPANY INC. (YANGON BRANCH)

15 OPHIR MYANMAR (BLOCK AD-3) LIMITED (MYANMAR BRANCH)

16 GREAT NINE GEMS COMPANY LIMITED

17 FARMER PHOYARZAR GEMS COMPANY LIMITED နှင့် MYANMAR ANDAMAN PEARL COMPANY LIMITED

- ဖြည့်စွက်ထားသည့် အချက်အလက်များအပေါ် သုံးသပ်ချက်များကို အစီအရင်ခံစာနောက်ပိုင်းတွင် ထပ်မံဖော်ပြထားပါသည်။


| **အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ မိခင်နိုင်ငံ** | |
|---|---|
| မြန်မာ | ၂၅၀ |
| ဗြိတိသျှ | ၄ |
| ကနေဒါ | ၂ |
| စင်္ကာပူ | ၂ |
| သြစတြေးလျ | ၁ |
| အိန္ဒိယ | ၁ |
| ဂျပန် | ၁ |
| *စုစုပေါင်း* | *၂၆၁* |

## ၂.၄.၅။ ပိုင်ဆိုင်မှုပုံစံနည်းလမ်းများ

- **အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ ၉၀% (၂၇၀ တွင် ၂၄၃ ဦး) သည် လူပုဂ္ဂိုလ်များဖြစ်ပြီး အစုရှယ်ယာ တိုက်ရိုက်ပိုင်ဆိုင်ခြင်း မှတဆင့် ၎င်းတို့၏ကုမ္ပဏီများကို ထိန်းချုပ်ထားပါသည်။** ထို့ကြောင့် **ကုမ္ပဏီအများစုသည် ဖွဲ့စည်းပုံ လွယ်ကူရှင်းလင်းပြီး** အစုရှယ်ယာပိုင်ရှင်များသည် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများလည်း ဖြစ်ကြသည်။

| **ပိုင်ဆိုင်မှုပုံစံများအား အမျိုးအစားအလိုက်ဖော်ပြခြင်း (ပိုင်ဆိုင်မှုပုံစံများအနက် ပထမနည်းလမ်းကိုသာ အစီရင်ခံထားသည်)** | | | | |
|---|---|---|---|---|
| | **လူပုဂ္ဂိုလ်** | **အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီ** | **နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း** | **စုစုပေါင်း** |
| **အစုရှယ်ယာ တိုက်ရိုက် ပိုင်ဆိုင်ခြင်း** | ၂၄၃ | ၂ | ၂ | ၂၄၇ |
| **မဲပေးနိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် တိုက်ရိုက် ရှိခြင်း** | ၄ | - | - | ၄ |
| **အစုရှယ်ယာ သွယ်ဝိုက် ပိုင်ဆိုင်ခြင်း** | ၁၁ | ၂ | ၂ | ၁၅ |
| **မဲပေးနိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် သွယ်ဝိုက် ပိုင်ဆိုင်ခြင်း** | - | - | - | - |

| | | | | |
|---|---|---|---|---|
| **အခြားနည်းလမ်းများဖြင့် သက်ဆိုင်လွှမ်းမိုးမှုရှိခြင်း** | ၃ | ၁ | - | ၄ |
| **စုစုပေါင်း** | **၂၆၁** | **၅** | **၄** | **၂၇၀** |




- အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအနေဖြင့် *အစုရှယ်ယာ သွယ်ဝိုက်ပိုင်ဆိုင်ခြင်းမှတဆင့်* အကျိုးအမြတ်များ ရရှိနေပါက **အများအားဖြင့် ထိုသူများနှင့် ကုမ္ပဏီအကြား ကြားခံလူပုဂ္ဂိုလ် (သို့) ကုမ္ပဏီတစ်ခုသာ ရှိပါသည်။** ကြားခံလူပုဂ္ဂိုလ် (သို့) ကုမ္ပဏီများ ၂ ခု၊ ၆ ခု (သို့) ၉ ခု မှတဆင့် အကျိုးအမြတ်များရရှိနေသော အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ ၅ ဦးသာရှိပါသည်။ [18]

- ကြားခံလူပုဂ္ဂိုလ် (သို့) ကုမ္ပဏီတစ်ခုချင်းစီအတွက် ကုမ္ပဏီ (သို့) လူပုဂ္ဂိုလ်တစ်ယောက်ချင်းစီ၏ တရားဝင် မှတ်ပုံတင်ထားသည့်အမည်နှင့် ၎င်း/၎င်းတို့၏ ကုမ္ပဏီမှတ်ပုံတင်အမှတ်တို့ကို ဖော်ပြပေးရန် တောင်းခံထားပါသည်။ ထိုအချက်အလက်များသည် ကုမ္ပဏီများအား အခြားကုမ္ပဏီနှင့် လွဲမှားမှုမရှိစေရန် စိစစ်ရာတွင် အထောက်အကူ ပြုမည်ဖြစ်သည်။ သို့သော်လည်း ယခင်က ပြုလုပ်ခဲ့သည့် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ရှေ့ပြေးအချက်အလက်များထုတ်ဖော်မှုဆိုင်ရာ အစီအစဉ်မှ ရရှိထားသည့် အကြံပြုချက်များနှင့် ထပ်တူကျခြင်း မရှိပါ။ အထူးသဖြင့် **"မိခင်ကုမ္ပဏီ (သို့) ကြားခံကုမ္ပဏီ ၏ မှတ်ပုံတင်ထားသည့်နိုင်ငံ"**ကို သိနိုင်ပါက ထိုကုမ္ပဏီများအပေါ် သက်ရောက်သော ဥပဒေ နှင့် အခွန်ဆိုင်ရာ ကိစ္စရပ်များကိုလည်း စစ်ဆေးရာတွင် အလွန်အသုံးဝင်မည် ဖြစ်ပါသည်။

---

18 PACIFIC HUNT ENERGY CORP (MYANMAR BRANCH)

WOODSIDE ENERGY (MYANMAR) PTE LTD (YANGON BRANCH)


PB MYANMAR COMPANY LIMITED

GOLDPETROL JOINT OPERATING COMPANY INC. (YANGON BRANCH)

▪ "တိုက်ရိုက်ပိုင်ဆိုင်မှု" နှင့် "သွယ်ဝိုက်ပိုင်ဆိုင်မှု"တို့ကို ရှင်းရှင်းလင်းလင်းမကွဲပြားသည့် အချက်အား အနည်းဆုံးနှစ်ကြိမ်[19] တွေ့ရပါသည်။ BERLANGA MYANMAR PTE. LTD. (MYANMAR BRANCH) နှင့် CAOG PTE. LTD. (MYANMAR BRANCH) တို့၏ တရားဝင် (အမည်ပေါက်) ပိုင်ရှင်များမှာ ကုမ္ပဏီများပင်ဖြစ်ပါသည်။ သို့သော် ယင်းကုမ္ပဏီ ၂ ခုမှ ၎င်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူလူပုဂ္ဂိုလ်များ (ယင်းကုမ္ပဏီ ၂ ခုအတွက် ပိုင်ရှင်တူတူပင်ဖြစ်သည်) အား "အစုရှယ်ယာများအား တိုက်ရိုက်ပိုင်ဆိုင်သည်" ဟု အစီရင်ခံထားသည်မှာ မဖြစ်နိုင်သောအရာ ဖြစ်ပါသည်။ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူ ထိုလူပုဂ္ဂိုလ်များသည် Berlanga နှင့် CAOG ကုမ္ပဏီတို့ကို ပိုင်ဆိုင်သော ကြားခံကုမ္ပဏီများတွင် ရှယ်ယာပိုင်သူများ ဖြစ်သည်ဆိုသည့်အချက်မှာ မှန်ကန်သည်။ ထို့ကြောင့် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများသည် Berlanga နှင့် CAOG ကုမ္ပဏီတို့အပေါ် "အစုရှယ်ယာများအား သွယ်ဝိုက်ပိုင်ဆိုင်သည်" ဟု ဆိုရပါမည်။

▪ (ကုမ္ပဏီတစ်ခုတည်း[20] မှ ဖြစ်သည့်) အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ ၂ ယောက်သာလျှင် ၎င်းတို့အတွက် (ပိုင်ဆိုင်မှုနည်းလမ်းများ များစွာထဲမှ တစ်ခုဖြစ်သည့်) "သွယ်ဝိုက် မဲပေးပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် ရှိသည်" ဟု ရွေးချယ်ခဲ့ပါသည်။ ၎င်းတို့နှင့် ကုမ္ပဏီအကြားတွင် ကြားခံလူပုဂ္ဂိုလ် (သို့) ကုမ္ပဏီ တစ်ခုတည်းသာ ရှိပါသည်။

▪ **အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ ၂၄ ယောက်သည် အချက်အလက်ထုတ်ဖော်ကြေငြာသည့် အဖွဲ့အစည်းများအပေါ် အနည်းဆုံး ပိုင်ဆိုင်မှုပုံစံနည်းလမ်း ၂ မျိုးဖြင့် ပိုင်ဆိုင်ခြင်း (သို့) ထိန်းချုပ်ခြင်းရှိပါသည်။**




▪ "အစုရှယ်ယာတိုက်ရိုက်ပိုင်ဆိုင်ခြင်း" နှင့် "မဲပေးပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်တိုက်ရိုက်ရှိခြင်း" နည်းလမ်းနှစ်မျိုးစလုံးဖြင့် ကုမ္ပဏီကို ထိန်းချုပ်ထားသော အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ အရေအတွက် အနည်းငယ်သာရှိပါသည်။ သို့သော် ဖွဲ့စည်းပုံ လွယ်ကူရှင်းလင်းပြီး ကြားခံမရှိသည့် ကုမ္ပဏီများတွင် အစုရှယ်ယာတိုက်ရိုက်ပိုင်ဆိုင်သည့် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများသည် တိုက်ရိုက် မဲပေးနိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် လည်းရှိနိုင်သည်။ ထို့ကြောင့် **ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာတိုက်ရိုက်ပိုင်ဆိုင်သော အကျိုးအမြတ်ရရှိ ပိုင်ဆိုင်သူများအနေဖြင့် ၎င်းတို့၏ မဲပေးပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်ကိုပါ တင်ပြသင့်သလား၊**

[19] ယင်းဖြစ်ရပ်အား ကိစ္စ ၂ တွင် တွေ့ရှိထားသော်လည်း ထပ်မံရှိနိုင်ပါသေးသည်

[20] WIN MYINT MO INDUSTRIES COMPANY LIMITED


**သို့မဟုတ်ပါက အစုရှယ်ယာပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်း မရှိမှသာလျှင် တိုက်ရိုက်မဲပေးပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်ကို ရွေးချယ်သင့်သလားနှင့် စပ်လျဉ်း၍ ရှင်းရှင်းလင်း ရှိသင့်ပါသည်။**

- အချက်အလက်ကြေညာသည့်ပုံစံတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူတစ်ယောက်အနေဖြင့် အစုရှယ်ယာ များ သွယ်ဝိုက်၍ ပိုင်ဆိုင်ရာတွင် ကြားခံ*အဆင့်ဆင့်*ကိုအသုံးပြု၍ ပိုင်ဆိုင်မှုနည်းလမ်း *တစ်ဆက်*တည်း ရှိသလား (ပုံ ၁) နှင့် ကြားခံတစ်ဆင့်တည်း ရှိသော်လည်း ပိုင်ဆိုင်မှုနည်းလမ်း *အဆင့်ဆင့်* ရှိသလား (ပုံ ၂) ဆိုသည်ကို ကွဲကွဲပြားပြား ဖော်ပြနိုင်သည့် နေရာမရှိပါ။

ပုံ ၁




ပုံ ၂




- ကုမ္ပဏီ ၃ ခုက ၎င်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ ၄ ယောက်အတွက် ပိုင်ဆိုင်မှုပုံစံနည်းလမ်းများကို ဖော်ပြရာတွင် "အခြားနည်းလမ်းများဖြင့် သက်ဆိုင်လွှမ်းမိုးမှုရှိခြင်း" ကို ရွေးချယ်ခဲ့ပါသည်။ ကုမ္ပဏီတစ်ခု (မြန်မာတာဆာကီကုမ္ပဏီလီမိတက်) က (ရင်းနှီးမြှပ်နှံမှု ပုံစံတစ်မျိုးဖြစ်သည့်) equity fund မှတဆင့် ပိုင်ဆိုင်သည်ဟု ဆိုထားပြီး ထို equity fund ၏ နောက်မှ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူကို ၎င်းအနေဖြင့် သိရှိနိုင်ရန် ခက်ခဲသည်ဟု ဆိုပါသည်။

- OPHIR MYANMAR (BLOCK AD-3) LIMITED (MYANMAR BRANCH) က ၎င်းအနေဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာ ၁၀၀ % ကို အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီမှ ပိုင်ဆိုင်သည်ဟု ဆိုထားသော်လည်း ပိုင်ဆိုင်မှုပုံစံ နည်းလမ်းကိုမူ "အခြားနည်းလမ်းများဖြင့် သက်ဆိုင်လွှမ်းမိုးမှုရှိခြင်း" ကို ရွေးချယ်ထားသောကြောင့် မှားယွင်းနေပါသည်။

| **ကုမ္ပဏီ** | **ကုမ္ပဏီ၏ ရှင်းလင်းတင်ပြချက်များ** |
|---|---|
| **မြန်မာတာဆာကီ ကုမ္ပဏီလီမိတက် (MYANMAR TASAKI COMPANY LIMITED)** | "မြန်မာတာဆာကီကုမ္ပဏီလီမိတက် **(Myanmar Tasaki Co., Ltd.)** ကို ဂျပန်နိုင်ငံမှ Tasaki & Co., Ltd. မှ ပိုင်ဆိုင်ပြီး ဂျပန်နိုင်ငံ ၆-၃-၂ မိနတိုဂျီမ နာကမချီ၊ ချူကူ၊ ကိုဘေမြို့(6-3-2 Minatojima Nakamachi, CHUO-KU, KOBE, Japan) တွင် တည်ရှိပါသည်။ ထိုကုမ္ပဏီကို MBK Partners slp's ဆိုသည့် ပုဂ္ဂလိကပိုင် equity fund က တစ်ဖန် ပိုင်ဆိုင်ပါသည်။ https://www.mbkpartnerslp.com/category/portfolio/ တွင် လေ့လာနိုင်ပါသည်။<br><br>MBK Partners သည် ပုဂ္ဂလိကပိုင် equity fund တစ်ခုဖြစ်ပြီး အခြားကုမ္ပဏီများတွင် ရင်းနှီးမြှပ်နှံမှုများ ထပ်မံပြုလုပ်ထားသည်။ အသေးစိတ်ကို အထက်ရှိ အင်တာနက်လိပ်စာတွင် ကြည့်ရှုလေ့လာနိုင်ပါသည်။ Tasaki & Co., Ltd.အား MBK PARTNERS III (ရန်ပုံငွေ ၃) ဆိုသည့် အမျိုးအစားအောက်မှ တစ်ဆင့် ရင်းနှီးမြှပ်နှံထားပါသည်။<br><br>ပုဂ္ဂလိကပိုင် equity fund များတွင် ရင်းနှီးမြှပ်နှံသူများစွာရှိသဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ တစ်ဦးခြင်းစီကို အမည်ဖြည့်သွင်းရန် ဖြစ်နိုင်မည် မဟုတ်ပါ။ များသောအားဖြင့် ပုဂ္ဂလိကပိုင် equity fund များတွင် အရင်းအနှီးထည့်သူများမှာ ပင်စင်ရန်ပုံငွေ (pension fund) ၊ ငွေပဒေသာရန်ပုံငွေ (endownment fund) နှင့် အလွန်ကြွယ်ဝချမ်းသာသူများ ဖြစ်လေ့ရှိသည်။ အကျိုးအမြတ်ရရှိသည့် ပိုင်ရှင်တစ်ဦးတည်းမရှိ၊ အများပိုင်ကုမ္ပဏီဟုလည်း မဆိုနိုင်ပါ။<br>**အချက်အလက်ကြေညာသည့် ပုံစံတွင် ယခုအခြေအနေအတွက် လိုအပ်သော အချက်အလက်များဖြည့်ရန် နေရာ သတ်သတ်မှတ်မှတ် မရှိပါ။**<br><br>ပူးတွဲပါပုဂ္ဂိုလ်သည် ဂျပန်ပြည်ရှိ မြန်မာတာဆာကီကုမ္ပဏီ၏ ကိုယ်စားလှယ်ဖြစ်ပြီး ၎င်းသည် ကုမ္ပဏီပိုင်ရှင် မဟုတ်ပါ။ လိုအပ်သော အချက်အလက်များဖြည့်ရန်အတွက် နေရာ မရှိသဖြင့် မြန်မာနိုင်ငံ EITI ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ လိုအပ်ချက်များအား ထုတ်ဖော်နိုင်ရန် အတွက် ယခုအဆင့်အထိသာ ဖြည့်သွင်းနိုင်ပါသည်။" |
| **TOP TEN STAR PRODUCTION CO., LTD.** | "ကုမ္ပဏီအပေါ်တွင် **ထင်ရှားသောလွှမ်းမိုးမှု** (သို့) ထိန်းချုပ်မှုရှိခြင်း။<br>ဥပမာ - ဝန်ထမ်းခန့်အပ်ခြင်း နှင့် ကုမ္ပဏီအတွက် အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်" |
| **OPHIR MYANMAR (BLOCK AD-3) LIMITED (MYANMAR BRANCH)** | "အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်သောကုမ္ပဏီ" |

## ၂.၄.၆။ နိုင်ငံရေးအရ သြဇာတိက္ကမရှိသူများ

**ကုမ္ပဏီ ၅ ခုက ၎င်းတို့၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများထဲတွင် နိုင်ငံရေးအရ သြဇာတိက္ကမရှိသူ တစ်ယောက် (သို့) တစ်ယောက်ထက်ပို၍ ပါဝင်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ စုစုပေါင်းအားဖြင့် မတူညီသည့် လူပုဂ္ဂိုလ် ၁၆ ယောက် (နိုင်ငံရေးအရ သြဇာတိက္ကမရှိသူ ၅ ယောက်၊ မိသားစုဝင်များ ၁၁ ယောက်) အတွက် ထုတ်ဖော်တင်ပြချက် ၁၈ ခု ရှိပါသည်။** ရင်းနှီးကျွမ်းဝင်သူများ၊ သက်ဆိုင်သူများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်မရှိပါ။

| **ကုမ္ပဏီ** | **နိုင်ငံရေးအရ သြဇာတိက္ကမ ရှိသူအဖြစ် ကြေငြာထားသည့် အကျိုးအမြတ်ရရှိပိုင် ဆိုင်သူ** | **အကျုံးဝင်သည့် နိုင်ငံရေးအရ သြဇာတိက္ကမရှိသူ (သို့) နိုင်ငံရေးအရ သြဇာတိက္ကမ ရှိသူ၏ မိသားစု/ သက်ဆိုင်သူများ** | **ဆက်နွယ်သည့် နိုင်ငံရေးအရ သြဇာတိက္ကမ ရှိသူ၏ အမည်** | **နိုင်ငံရေးအရ သြဇာတိက္ကမ ရှိသူ အမျိုးအစား (များ)** |
|---|---|---|---|---|
| **ထာဝရ သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီ လီမိတက် (ETERNAL MINING COMPANY LIMITED)** | ဦးမောင်ကို | နိုင်ငံရေးအရ သြဇာတိက္ကမ ရှိသူ | - | ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် |
| | ဦးမောင်လတ် | သား | ဦးမောင်ကို | - |
| | ဦးစိုင်းမောင်အေး | သားမက် | ဦးမောင်ကို | - |
| **လျန်ရှန်း ကျောက်မျက်ရတနာကုမ္ပဏီ လီမိတက် (LYAN SHAN JEWELLERY COMPANY LIMITED)** | ဦးယံမိုးလျံ | နိုင်ငံရေးအရ သြဇာတိက္ကမ ရှိသူ | - | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ခေါင်းဆောင် (ငြိမ်းချမ်းရေး သဘောတူညီမှု လက်မှတ်ထိုးပြီးသော၊ မထိုးရသေးသော အဖွဲ့များ၊ ပြည်သူ့စစ် အဖွဲ့အပါအဝင်) |
| | ဦးယံခိုက်ကျင် | သား | ဦးယံမိုးလျံ | - |
| | ဒေါ်လီကျူရှန်း | ဇနီး | ဦးယံမိုးလျံ | - |
| | ဒေါ်ရှောက်မိန် | ချွေးမ | ဦးယံမိုးလျံ | - |
| **မြန်မာဂိုးဒင်းပွိုင့်ဖန်မလီ ကုမ္ပဏီလီမိတက် (MYANMAR GOLDEN POINT FAMILY CO., LTD.)** | ဦးမောင်ကို | နိုင်ငံရေးအရ သြဇာတိက္ကမ ရှိသူ | - | ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် |
| | ဒေါ်ရွှေဥ | ဇနီး | ဦးမောင်ကို | - |
| | ဒေါ်သိမ့်သိမ့်ဆွေ | သမီး | ဦးမောင်ကို | - |
| | ဦးကျော်ငွေ | သား | ဦးမောင်ကို | - |
| | ဦးကျော်ရွှေ | သား | ဦးမောင်ကို | - |
| | ဦးမောင်လတ် | သား | ဦးမောင်ကို | - |
| **မြန်မာသူရ ကျောက်မျက် ကုမ္ပဏီ လီမိတက် (MYANMAR THURA GEMS COMPANY LIMITED)** | ဦးကျော်သူရ | နိုင်ငံရေးအရ သြဇာတိက္ကမ ရှိသူ | - | နိုင်ငံတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်း |
| | ဦးလှစိုးဦး | နိုင်ငံရေးအရ သြဇာတိက္ကမ ရှိသူ | - | နိုင်ငံတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်း |
| | ဒေါ်သန်းသန်း | ဇနီး | ဦးလှစိုးဦး | - |
| **ကျောက်စိမ်းနဂါးကျောက်စိမ်းကျောက်မျက် ကုမ္ပဏီလီမိတက် (RUBY DRAGON JADE & GEMS COMPANY LIMITED)** | ဦးနေဝင်းဆွေ (ခ) ဦးနေဝင်းထွန်း | နိုင်ငံရေးအရ သြဇာတိက္ကမ ရှိသူ | - | ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် |
| | ဦးရဲမြတ်သူ | သား | ဦးနေဝင်းဆွေ (ခ) ဦးနေဝင်းထွန်း | |

ယခု အစီရင်ခံစာတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအဖြစ် ထုတ်ဖော်ခြင်းခံထားရသည့် လူပုဂ္ဂိုလ်များအား နိုင်ငံရေးအရ ဩဇာတိက္ကမ ရှိသူများ ဖြစ်နေသော်လည်း အစီရင်ခံထားမှု မရှိခြင်း၊ နိုင်ငံရေးအရ ဩဇာတိက္ကမ ရှိသူများနှင့် ရင်းနှီးဆက်နွယ်မှု ရှိနေသော်လည်း အစီရင်ခံထားမှုမရှိခြင်း စသည့် အချက်များအတွက် ထပ်မံစစ်ဆေးခြင်းများ မပြုလုပ်နိုင်သေးပါ။

မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ၎င်း၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအဖြစ် တပ်မတော်အရာရှိ ၃ ဦးအား ရာထူး၊ အဆင့်၊ အမည်အပြည့်အစုံကို ဖြည့်သွင်းထားသော်လည်း ထိုသူများကို နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူများအဖြစ် ဖော်ပြခြင်း မရှိပါ။ ၎င်းတို့၏ ရာထူးအဆင့်အတန်းများအရ ၎င်းတို့သည် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့ နှင့် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ သဘောတူဆုံးဖြတ်ထားသည့် နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူအဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှ လက်နက်ကိုင်အဖွဲ့များ၏ အကြီးတန်းအရာရှိများအတွက် သတ်မှတ်ထားသည့် "ဒုတိယဗိုလ်မှူးကြီးနှင့် တူညီသောရာထူးမှ အထက်အဆင့်ဆင့်" တွင် အကျုံးဝင်နေပါသည်။

## ၃။ ထုတ်ဖော်ခြင်းလုပ်ငန်းစဉ် အပေါ် သုံးသပ်ချက် နှင့် အကြံပြုချက်များ

### ၃.၁။ EITI ၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ လိုအပ်ချက်များနှင့် စံထား၍ သုံးသပ်ခြင်း

၂၀၁၉ EITI စံနှုန်း လိုအပ်ချက်များဖြစ်သည့် ၂.၅ (ဂ)၊ (ဃ) နှင့် (င) တို့တွင် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်ထုတ်ဖော်ခြင်း လုပ်ငန်းစဉ်အနေဖြင့် လိုက်နာရမည့် စံနှုန်းများအား သီးသန့်ဖော်ပြထားပါသည်။ ပထမအကြိမ် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ဖော်ဆောင်ရေး လုပ်ငန်းစဉ်၏ လုပ်ဆောင်ချက်များသည် ထိုစံနှုန်းများနှင့် ကိုက်ညီမှု မည်မျှရှိသည်ဆိုသည့် လုပ်ငန်းစဉ်အပေါ် အသေးစိတ်သုံးသပ်ချက်များအား အောက်တွင်ဖော်ပြထားပါသည်။

အစီရင်ခံစာအတွက် ပြုလုပ်သည့် သုံးသပ်ချက်များအရ ယခုလုပ်ငန်းစဉ်သည် EITI စံနှုန်းအား အကောင်အထည် ဖော်ဆောင်နေသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ဆောင်ရွက်မည်ဟု မျှော်လင့်ထားသည့် အချက်များနှင့် ကိုက်ညီပုံပေါ်ပါသည်။ လိုအပ်သည့်အချက်များအပြင် ထပ်မံဆောင်ရွက်ထားသည့် အချက်များရှိသောကြောင့် ပိုမိုအားကောင်းသည်ဟုလည်း ဆိုနိုင်သည်။ အောက်တွင် EITI အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ လိုအပ်ချက်များနှင့် စံထား၍ သုံးသပ်ထားသော်လည်း နောင်တွင် EITI စံနှုန်းများဖြင့် အကဲဖြတ်မည့် တရားဝင်လုပ်ငန်းနှင့် ထပ်တူကျသည်ဟု မဆိုနိုင်ပါ။

EITI စံနှုန်းအရ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းလုပ်ကိုင်နေသည့် ကုမ္ပဏီများအားလုံးက မိမိတို့၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများကို ဖော်ထုတ်ရန် လိုအပ်သော်လည်း အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့က ပထမအကြိမ်တွင် ပါဝင်ရမည့် ကုမ္ပဏီများအား သတ်မှတ်ရာတွင် နောက်ဆုံး ထုတ်ပြန်ထားသည့် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင်ပါဝင်သည့် ကုမ္ပဏီများကိုသာ ပါဝင်စေပြီး အရေအတွက်ကိုလျှော့ချရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့မှ အတည်ပြုခဲ့ပြီးဖြစ်ပါသည်။

> "EITI စံနှုန်းကို အကောင်အထည်ဖော်သည့်နိုင်ငံများအနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်များအား တောင်းခံပြီး၊ ကုမ္ပဏီများကလည်း ထိုအချက်အလက်များကို အများပြည်သူသိရှိစေရန် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် နောက်ဆုံးထား၍ ထုတ်ဖော်တင်ပြရန် ......."

- အချက်အလက်များအား ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မတိုင်မီ ကောက်ခံပြီး ထုတ်ပြန်ပေးခဲ့ပါသည်။

> "ထိုအချက်သည် ရေနံနှင့် သဘာဝဓါတ်ငွေ့ နှင့် သတ္တုကဏ္ဍများတွင် စမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ထုတ်လုပ်ခြင်းများအတွက် လိုင်စင်များ (သို့) စာချုပ်များရှိထားသော (သို့) လျှောက်ထားသော (သို့) အကျိုးအမြတ် ထည့်သွင်းထားသော စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများအားလုံးအတွက် အကျုံးဝင်ပြီး [...]"

- အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်ကိုလွှမ်းခြုံသော စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင်ပါဝင်သည့် ကုမ္ပဏီများကိုသာ အကျုံးဝင်စေရန် ဆုံးဖြတ်ခဲ့ပါသည်။

“[...] အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများ၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်များ၊ ပိုင်ဆိုင်မှုပမာဏ နှင့် မည်သို့ ပိုင်ဆိုင်ထိန်းချုပ်နေသည်ဆိုသည့် အသေးစိတ်အချက်အလက်များကို ထည့်သွင်းဖော်ပြ .......”

- အချက်အလက်ကောက်ယူသည့် လုပ်ငန်းစဉ်တွင် ကုမ္ပဏီများအနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ *အမည်များ နှင့် ကိုယ်ရေးအချက်အလက်များ* အသေးစိတ်ကို ထုတ်ဖော်ရန် လိုအပ်ပါသည်။

- ကုမ္ပဏီများအနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ တစ်ယောက်ချင်းစီအတွက် ပိုင်ဆိုင်မှု ပုံစံနည်းလမ်းများ ရွေးချယ်နိုင်ရန် အချက်အလက်ကြေညာသည့်ပုံစံတွင် ဖြစ်နိုင်သည့် အခြေအနေများ အားလုံး (အစုရှယ်ယာများ တိုက်ရိုက်ပိုင်ဆိုင်ခြင်း၊ အစုရှယ်ယာများ သွယ်ဝိုက် ပိုင်ဆိုင်ခြင်း၊ မဲပေးပိုင်ခွင့် ဆုံးဖြတ်ပိုင်ခွင့် တိုက်ရိုက်ရှိခြင်း၊ မဲပေးပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် သွယ်ဝိုက်ရှိခြင်း) နှင့် အခြားသော ထိန်းချုပ်မှု (သို့) ပိုင်ဆိုင်မှုတစ်မျိုးဖြစ်သည့် (“အခြားနည်းလမ်းများဖြင့် သက်ဆိုင်လွှမ်းမိုးမှုရှိခြင်း”) တို့ အပါအဝင် ပြီးပြည့်စုံစွာ ဖော်ပြထားပါသည်။ ပိုင်ဆိုင်မှုကွင်းဆက်ကို ပြည့်ပြည့်စုံစုံ ဖော်ပြနိုင်ရန်အတွက် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူ တစ်ဦးတည်းမှ ပိုင်ဆိုင်မှုပုံစံ နည်းလမ်းများစွာရှိပါကလည်း အချက်အလက်ကြေညာသည့်ပုံစံတွင် အားလုံးကို ရွေးချယ်နိုင်ရန် လည်း ဆောင်ရွက်ပေးထားပါသည်။

- အချက်အလက် ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများအား အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ တစ်ဦးချင်းစီ၏ ပိုင်ဆိုင်မှုပမာဏ၊ မည်သို့ပိုင်ဆိုင်ထိန်းချုပ်နေသည်ကို ၎င်းတို့ပိုင်ဆိုင်သည့် အစုရှယ်ယာ အရေအတွက်နှင့် ရာခိုင်နှုန်း၊ မဲပေးပိုင်ခွင့်/ ဆုံးဖြတ်ပိုင်ခွင့် အရေအတွက်နှင့် ရာခိုင်နှုန်းများအား သတ်မှတ်ဖော်ထုတ်ပေးရန် တောင်းခံထားသည်။ EITI စံနှုန်းလိုအပ်ချက်အပြင် အစုရှယ်ယာများ/ မဲပေးပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်များ ရရှိသည့်နေ့ကိုပါ ထည့်သွင်းဖော်ပြရန် တောင်းခံထားပါသည်။

“[...] အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များအား အစီရင်ခံရာတွင် သိသာထင်ရှားသည့် ကွာဟချက်များနှင့် အားနည်းချက်များအားလုံးကို ထုတ်ဖော်တင်ပြရပါမည်။ ၎င်းတို့တွင် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက် အားလုံး (သို့) တစ်စိတ်တစ်ပိုင်းကို တင်ပြရန် ပျက်ကွက်ခဲ့သော မည်သည့် အဖွဲ့အစည်းများ၏ အမည်ကိုမဆို ဖော်ထုတ်တင်ပြခြင်းလည်း ပြုလုပ်ရမည်။”

- အချက်အလက်ကြေညာသည့်ပုံစံကို မည်သည့်ကုမ္ပဏီက အချိန်မီ တင်သွင်းခြင်းပြုခဲ့သည် (သို့) မပြုခဲ့သည်ကို DICA ဝက်ဘ်ဆိုက်တွင် ရှင်းလင်းစွာ ဖော်ပြထားပါသည်။

- သို့သော်လည်း ကုမ္ပဏီတစ်ခုချင်းစီ၏ ဖြည့်စွက်ထားသည့် ပုံစံများကို ကြည့်ရှုသည့်အခါတွင်မူ ၎င်းတို့အနေဖြင့် ဖြည့်ရန်လိုအပ်သော်လည်း မဖြည့်ဘဲချန်လှပ်ခဲ့သည့် နေရာများကို ဗလာအနေဖြင့် သိသာစွာမတွေ့နိုင်ပါ။ ချန်လှပ်ခဲ့သည့် အချက်များကို DICA ဝက်ဘ်ဆိုက်တွင် လုံးဝတွေ့နိုင်မည် မဟုတ်ပါ။

“အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ရာတွင် ထိုသူ၏ အမည်၊ နိုင်ငံသား၊ နေထိုင်သည့် နိုင်ငံနှင့် နိုင်ငံရေးအရ ဩဇာတိက္ကမ ရှိသူ ဖြစ်နေခြင်း (သို့) ဆက်စပ်မှု ရှိနေခြင်းတို့ကို ဖော်ထုတ်တင်ပြရန်

လိုအပ်ပါသည်။ ထို့အပြင် နိုင်ငံသားမှတ်ပုံတင် အမှတ်၊ မွေးနေ့ ၊ အမြဲနေရပ်လိပ်စာ (သို့) လုပ်ငန်းလိပ်စာတို့အပြင် ဆက်သွယ်နိုင်သည့်နည်းလမ်းများပါ ထုတ်ဖော်တင်ပြရန် အကြံပြုပါသည်။"

- ပထမအဆင့် အချက်အလက်ကောက်ခံသည့်လုပ်ငန်းစဉ်တွင် အချက်အလက်ထုတ်ဖော်ကြေညာသည့် အဖွဲ့များ အား အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများတစ်ဦးချင်းစီအတွက် ၎င်းတို့၏ အမည် အပြည့်အစုံ၊ ကျား/ မ၊ နိုင်ငံသား၊ နေထိုင်သည့်နိုင်ငံ၊ မြန်မာနိုင်ငံသားဆိုလျှင် နိုင်ငံသားမှတ်ပုံတင်အမှတ်၊ နိုင်ငံခြားသားဆိုလျှင် နိုင်ငံကူးလက်မှတ် အမှတ်၊ မွေးရက်အပြည့်အစုံ၊ ဖုန်းနံပါတ် နှင့် အီးမေးလ်လိပ်စာ တို့ကို ဖော်ပြပေးရန် တောင်းခံခဲ့ပါသည်။ သို့သော်လည်း လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များအရ ကုမ္ပဏီ၏ ရုံးလိပ်စာကို ဖော်ပြပြီးဖြစ်သည့်အတွက်ကြောင့် အိမ်လိပ်စာကို ဖော်ပြရမည့်အချက်ထဲတွင် မထည့်ရန် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့မှ ဆုံးဖြတ်ခဲ့ပါသည်။

- ထို့အပြင် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူသည် *နိုင်ငံရေးအရ ဩဇာတိက္ကမ ရှိသူ* သို့မဟုတ် (၎င်းတို့၏ မိသားစုဝင်များ၊ ရင်းနှီးကျွမ်းဝင်သူများ၊ သက်ဆိုင်သူများ) ဖြစ်မဖြစ်ကိုလည်း မဖြစ်မနေ ဖော်ထုတ်စေရန် ပြုလုပ်ထားပါသည်။

"အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ထုတ်ပြန်လာသည့် အချက်အလက်များ၏ ယုံကြည်စိတ်ချရမှုကို အာမခံနိုင်ရန် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အနေဖြင့် လက်ရှိကျင့်သုံးနေသည့် နည်းစနစ်များရှိပါက ပြန်လည်သုံးသပ်သင့်သည်။ EITI စံနှုန်း ၂.၅ (ဂ) တွင်ဖော်ပြထားသော သတ်မှတ်ချက်များနှင့် အကျုံးဝင်သည့် စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများ အတွက် ၎င်းတို့ တင်ပြလာသည့် အချက်အလက်များ၏ မှန်ကန်မှုကို စိစစ်ရန် လုပ်ထုံးလုပ်နည်းများအတွက် သဘောတူညီမှု ရယူသင့်ပါသည်။ ဥပမာ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များအား ဖော်ထုတ်သည့်ပုံစံတွင် ကုမ္ပဏီ အုပ်ချုပ်တာဝန်ရှိသူများအနက် တစ်ဦး (သို့) အကြီးတန်း ဥပဒေအတိုင်ပင်ခံက တာဝန်ယူကာ သက်သေခံ လက်မှတ်ထိုးပေးစေခြင်း၊ အထောက်အကူပြု စာရွက်စာတမ်းများ တင်ပြစေခြင်းများ ပြုလုပ်ရန် လိုအပ်ပါသည်။"

- တင်ပြသည့်အချက်အလက်များ မှန်ကန်ခိုင်လုံကြောင်း သက်သေပြနိုင်ရန် ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်း များအနေဖြင့် "တာဝန်ခံအတည်ပြုသည့် အရာရှိ"၏ အမည်အပြည့်အစုံ၊ မြန်မာနိုင်ငံသားဆိုလျှင် နိုင်ငံသားမှတ်ပုံတင်အမှတ်၊ နိုင်ငံခြားသားဆိုလျှင် နိုင်ငံကူးလက်မှတ်အမှတ်၊ နိုင်ငံသား၊ ကုမ္ပဏီတွင် ထမ်းဆောင်နေသည့် ရာထူးတို့ကို ဖြည့်စွက်ပေးရန်လိုပါသည်။ အချက်အလက်ကြေညာသည့် ပုံစံ၏ ညွှန်ကြားချက်တွင်လည်း "ယခုဖြည့်စွက်လျက်ရှိသော အချက်အလက်များ မှန်ကန်မှုရှိကြောင်း ကုမ္ပဏီကို ခေါင်းဆောင်အုပ်ချုပ်သူ တစ်ဦးကဖြစ်စေ၊ ကုမ္ပဏီ၏ ထိပ်တန်းဥပဒေအရာရှိက ဖြစ်စေ ကတိပြုရန်လိုအပ်ပါသည်။ ထိုကတိပြုသူသည် အချက်အလက်များ မှန်ကန်မှုရှိ၊ မရှိနှင့် ပတ်သက်၍ တာဝန်ခံရမည့်သူဖြစ်သည်။" ဟု ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားပါသည်။

- ထို့အပြင် အချက်အလက်ကြေညာသည့် ပုံစံတွင် အဖွဲ့အစည်းများအနေဖြင့် "အထောက်အကူပြုသည့် စာရွက်စာတမ်းများ"လည်း (ဆန္ဒရှိပါက) တင်သွင်းနိုင်ကြောင်း ဖော်ပြထားပါသည်။

## ၃.၂။ ညွှန်ကြားချက်များ နှင့် အင်တာနက်စာမျက်နှာတွင် ဖြည့်သွင်းရသည့် ပုံစံ

အင်တာနက်စာမျက်နှာအပေါ် အချက်အလက်များ ဖြည့်သွင်းရသည့်ပုံစံကို DICA ဝက်ဘ်ဆိုက်ပေါ်တွင် ထားရှိပြီး အသုံးပြုရ အတော်လွယ်ကူပါသည်။ **ပုံစံကို အဆင့်တစ်ဆင့်ချင်း ဖြည့်သွင်းနိုင်ရန် ပြင်ဆင်ထားပြီး တစ်ကြိမ်တည်းနှင့် ဖြည့်စွက်၍ မပြီးပါက အကြိမ်ခွဲ၍ ဖြည့်သွင်းနိုင်ရန် ဆောင်ရွက်ပေးထားသောကြောင့် အချက်အလက်ထုတ်ဖော် ကြေညာသည့်အဖွဲ့ အစည်းများအတွက် ပိုမိုသက်သာလွယ်ကူစေပါသည်။** ထို့အပြင် အသုံးပြုသူအနေဖြင့် အချက်အလက် ကြေညာသည့်လုပ်ငန်းစဉ်၏ နောက်အဆင့်သို့ မတက်လှမ်းမီ စာမျက်နှာတစ်ခုရှိ ဖြည့်သွင်းရမည့်နေရာ အားလုံးအား မဖြစ်မနေ ဖြည့်စွက်စေခြင်းကလည်း ကုမ္ပဏီများမှ တင်သွင်းလာသော ပုံစံအတော်များများတွင် အချက်အလက် ပြည့်စုံနေခြင်း၏ အကြောင်းရင်းခံ ဖြစ်နိုင်ပါသည်။ သို့သော်လည်း အချို့နေရာများတွင် လိုအပ်ချက်များ တွေ့ရှိရသေးသည့်အတွက် ယင်းကန့်သတ်ချက်သည် စနစ်တကျ မဖြစ်နေသေးဟု ယူဆရသည်။ ဥပမာ - ရွှေဂေါင်ဂေါင်ကျောက်မျက်ကုမ္ပဏီလီမိတက် (SHWE GAUNG GAUNG GEMS COMPANY LIMITED) သည် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူပေါင်း ၄ ယောက်ရှိကြောင်း ဖော်ပြခဲ့သော်လည်း အချက်အလက်ကြေညာသည့်ပုံစံတွင် ၁ ယောက်၏ အကြောင်းကိုသာ ဖြည့်သွင်းခဲ့ပါသည်။ ကုမ္ပဏီအနေဖြင့် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူပေါင်း "၄" ယောက်ရှိကြောင်း တင်ပြသော်လည်း ဖြည့်သွင်းရမည့် နေရာများတွင် ၁ ယောက်အတွက်သာ ဖြည့်သွင်းခြင်း မပြုလုပ်နိုင်ရန် ဆောင်ရွက်ထားသင့်သည်။

အချက်အလက်ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများအား ပုံစံဖြည့်စွက်ရာ တစ်လျှောက်လုံးတွင် အထောက်အကူ ဖြစ်စေရန် အင်တာနက်စာမျက်နှာအပေါ် ဖြည့်သွင်းရသည့်ပုံစံ၏ ပထမစာမျက်နှာတွင် လမ်းညွှန်ချက်များနှင့် အချက်အလက် များ အားလုံးကို ဖော်ပြထားသည်။ ထို့အပြင် ဖြည့်သွင်းရသည့်ပုံစံ၏ နေရာအတော်များများတွင် ရှင်းလင်းချက် အတိုကောက်များ၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအား မည်သို့သတ်မှတ်နိုင်သည်၊ ၎င်းတို့၏ အစုရှယ်ယာများအား မည်သို့ တွက်ချက်နိုင်သည်တို့ကို သရုပ်ပြထားသောပုံအားလည်း ပူးတွဲဖော်ပြထားပါသည်။ ထိုလမ်းညွှန်ချက်များ၏ အကျိုးသက်ရောက်မှုကို ခန့်မှန်းရန် ခက်ခဲသော်လည်း ယင်းတို့သည် လုပ်ငန်းစဉ်၏ အရေးကြီးသည့်အင်္ဂါရပ်များအဖြစ် ဖြစ်ပါသည်။

ကုမ္ပဏီများမှ တင်ပြလာသည့် အချက်အလက်များ၏ အရည်အသွေး ပိုမိုကောင်းမွန်စေရန် နောင်တွင်အသုံးပြုမည့် လမ်းညွှန်ချက်များတွင် အောက်ပါအချက်များ ထည့်သွင်းသင့်ပါသည်။

- **ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာ တိုက်ရိုက်ပိုင်ဆိုင်သော အကျိုးအမြတ်ရရှိ ပိုင်ဆိုင်သူများအနေဖြင့် ၎င်းတို့၏ မဲပေးပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်ကိုပါ တစ်ပါတည်း ထပ်လောင်းတင်ပြသင့်သလား** (သို့) အစုရှယ်ယာ ပိုင်ဆိုင်မှု မရှိမှသာ "တိုက်ရိုက်မဲပေးပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်" ကို ရွေးချယ်တင်ပြသင့်သလား။
- အကျိုးအမြတ်ရရှိ ပိုင်ဆိုင်သူများအနေဖြင့် "**အမည်ခံ**" မှတဆင့် ကုမ္ပဏီတစ်ခုအပေါ် ထိန်းချုပ်ခြင်းဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ယောက်မှ အခြား လူပုဂ္ဂိုလ်တစ်ယောက် (အကျိုးအမြတ်ရရှိ ပိုင်ဆိုင်သူ) ၏ အစုရှယ်ယာပိုင်ဆိုင်မှုကို နာမည်ဝင်ခံပေးခြင်းပင် ဖြစ်သည်။ ထိုအချက်ကို ဥပမာပေးထားသော ပုံတွင် ဖော်ပြထားသော်လည်း လုံလောက်စွာနားလည်အောင် ရှင်းလင်းထားခြင်း မရှိသေးပါ။

- ဖြည့်သွင်းလိုက်သည့် **သတင်းအချက်အလက်များအနက် မည်သည်ကို အများပြည်သူသိရှိနိုင်အောင် ထုတ်ပြန်မည်၊ မည်သည်ကို မထုတ်ပြန်ပါ** တို့နှင့် စပ်လျဉ်း၍ အတိအလင်းကြိုတင် အသိပေးသင့်ပါသည်။

**နောင်တွင် အသုံးပြုမည့်သူများအတွက်** အချက်အလက်များအားလုံးကို တစ်နေရာတည်းပေါင်း၍ နှိုင်းယှဉ်နိုင်ရန် တင်သွင်းလာသည့် **အချက်အလက်များသည် သဟဇာတဖြစ်စွာ ကိုက်ညီရန်၊ ပုံစံတူရန် အလွန်အရေးကြီးပါသည်။** ပိုမိုကိုက်ညီမှုရှိပြီး ရှင်းရှင်းလင်းလင်းဖြစ်နေပါက အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်များကို အသုံးချမည့် အခြား ဌာနများနှင့် အဖွဲ့အစည်းများအတွက် ပိုမို၍ လွယ်လင့်တကူ ဖြစ်စေပါလိမ့်မည်။ ဖြည့်သွင်းရမည့် နေရာအချို့တွင် အစအဆုံး ဖြည့်စွက်စရာမလိုဘဲ ခလုပ်နှိပ်၍ ရွေးချယ်နိုင်သည့်ပုံစံများ (dropdown menus) ဖြင့် ဖော်ပြပေးထားခြင်း (ဥပမာ - ဟုတ်ပါသည်/မဟုတ်ပါ မေးခွန်းများ၊ ကျား၊ မ၊ နိုင်ငံသား နှင့် ကုမ္ပဏီမှတ်ပုံတင်သည့်နိုင်ငံ (သို့) နေထိုင်သည့်နိုင်ငံ၊ နိုင်ငံရေးအရ ဩဇာတိက္ကမရှိသူ အမျိုးအစား)၊ ကန့်သတ်ထားသော ပုံစံများ ရှိခြင်း (ဥပမာ - ရက်စွဲ၊ အီးမေးလ်လိပ်စာ) သည် ကောင်းသည့် အချက်များ ဖြစ်သည်။ သို့သော် **ဖုန်းနံပါတ်များ၊ နိုင်ငံသားမှတ်ပုံတင်အမှတ် ဖြည့်သွင်းရမည့် နေရာများတွင် လည်း ကန့်သတ်ချက်များ ထားရှိသင့်**ပြီး သတ်မှတ်ထားသော ပုံစံအတိုင်းသာ ဖြည့်သွင်းခွင့် ပြုသင့်ပါသည်။

ထို့အပြင် အချက်အလက်ဖြည့်သွင်းရာတွင် ပုံစံတူ တသမတ်တည်း ပိုဖြစ်စေရန် လမ်းညွှန်ချက်များ တွင် အောက်ပါအချက် များ ပါဝင်သင့်သည်။


- အစုရှယ်ယာရာခိုင်နှုန်းသည် ကိန်းဂဏန်းအတိအကျ ဖြစ်သင့်သည်
- အရေအတွက် နှင့် အစုရှယ်ယာရာခိုင်နှုန်းများအတွက် ထားရှိပေးသော နေရာများတွင် ကွက်လပ် (သို့) % ကဲ့သို့ သင်္ကေတ တို့ မပါဝင်သင့်ပါ
- နိုင်ငံသားမှတ်ပုံတင်နံပါတ်များတွင် ကွက်လပ်များ (သို့) နေရာလွတ်များ မပါဝင်သင့်ပါ

အချက်အလက်များ ခွဲခြားစိတ်ဖြာရာ၊ အသုံးပြုရာတွင် လွယ်ကူစေရန် အချက်အလက်ကြေညာသည့် ပုံစံနှင့် ပွင့်လင်းပုံစံ စာရွက်စာတမ်း (open format document) နှစ်ခုလုံးတွင် **ဖြည့်သွင်းရမည့်နေရာများအား နံပါတ်စဉ်တပ်ထားသင့်ပါသည်။**


တောင်းခံသောအချက်အလက်များ ပိုမိုပြီးပြည့်စုံစေရန် ပိုင်ဆိုင်မှု ကွင်းဆက်တစ်လျှောက်ရှိ ကြားခံကုမ္ပဏီများကို ဖော်ပြရာတွင် **မိခင်ကုမ္ပဏီ (သို့) ကြားခံကုမ္ပဏီ၏ မှတ်ပုံတင်သည့်နိုင်ငံကို ဖော်ထုတ်သင့်သလား ဆိုသည့်အချက်ကို** ထည့်သွင်းစဉ်းစားသင့်ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း **နောက်တစ်ကြိမ် အချက်အလက်များ ကောက်ယူရာတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ နှင့် အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီများက အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများဖြစ်ပါက ၎င်းတို့၏အမည်အပြည့်အစုံကို ဖြည့်သွင်းနိုင်ရန် လိုအပ်သည့်နေရာများ ထပ်ထည့်ပေးနိုင်ရန် နေရာထားပေးရပါမည်။**

အကျိုးအမြတ် ရရှိပိုင်ဆိုင်သူသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (သို့) အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီ ဖြစ်ပါက ၎င်းတို့ဖြည့်သွင်းရမည့် အင်တာစာမျက်နှာရှိ နေရာများ၏ ဓါတ်ပုံ




"အမည်" အတွက် ဖြည့်ရမည့်နေရာများ မပါဝင်ပါ




နောက်ဆုံးအနေဖြင့် DICA ဝက်ဘ်ဆိုက်ပေါ်တွင် ဖြည့်သွင်းရမည့်ပုံစံအလွတ်အား (PDF မဟုတ်သည့်) အင်တာနက်စာမျက်နှာ ပုံစံဖြင့် မည်သူမဆို အသုံးပြုနိုင်စေရန် ဆောင်ရွက်ပေးခြင်းအားဖြင့် အချက်အလက် အသုံးပြုသူများအနေဖြင့် ဖြည့်ရမည့်နေရာများအား စစ်ဆေးနိုင်ခြင်း၊ ပွင့်လင်းပုံစံဖိုင်ကို ပိုမိုသိရှိနားလည်စေနိုင်ခြင်း၊ ကုမ္ပဏီများအနေဖြင့် နောက်တစ်ကြိမ် အချက်အလက်များကောက်ယူရာတွင် ကြိုတင်ပြင်ဆင်ထားနိုင်ရန် အထောက်အကူပြုပါလိမ့်မည်။

## ၃.၃။ စိစစ်အတည်ပြုသည့် နည်းလမ်းများ

ကုမ္ပဏီများမှ အချက်အလက်များကို တင်သွင်းလိုက်ပြီးနောက်မှသာ အချက်အလက်များ မှန်ကန်မှုရှိ၊ မရှိနှင့် တိကျမှုရှိ၊ မရှိ စိစစ်ခြင်းကို စတင်ဆောင်ရွက်လေ့ရှိသော်လည်း တင်သွင်းလာသည့် အချက်အလက်များ၏ မှန်ကန်နိုင်ခြေကို တိုးတက်စေရန် အဆင့်အချို့ကို ဆောင်ရွက်နိုင်ပါသည်။

ယခုလက်ရှိ လုပ်ငန်းစဉ်တွင် စိစစ်အတည်ပြုခြင်းနည်းလမ်း *(၃)* မျိုးပါဝင်ပါသည်။

(၁) လက်ရှိအသုံးပြုနေသည့် အချက်အလက်ကြေညာသည့် ပုံစံတွင် EITI စံနှုန်းမှ အကြံပြုထားသည့်အတိုင်း အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ တစ်ဦးချင်းစီအတွက် တင်ပြချက်များကို အတည်ပြုနိုင်ရန် **နိုင်ငံသားမှတ်ပုံတင်/နိုင်ငံကူးလက်မှတ်** (မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုနိုင်သည့် စာရွက်စာတမ်းကို ရိုက်ထားသည့်ပုံ) **ကို မဖြစ်မနေ ပူးတွဲဖော်ပြရန်** တောင်းခံထားပါသည်။ **EITI စံနှုန်းလိုအပ်ချက်ထက် သာလွန်နေပြီး** အခြားနိုင်ငံများထက်လည်း သာလွန်နေပါသည်။ ပူးတွဲဖော်ပြထားသည့် ယင်းစာရွက်စာတမ်းများကို အများပြည်သူသိရှိနိုင်အောင် ထုတ်ပြန်ထားခြင်း မရှိပါ။

(၂) ထို့အပြင် EITI စံနှုန်း၏ အကြံပြုချက်များအတိုင်း အချက်အလက် ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများအနေဖြင့် **တင်ပြသည့်အချက်အလက်များ မှန်ကန်ခိုင်လုံကြောင်း သက်သေပြနိုင်ရန်အတွက်**

**တာဝန်ခံအတည်ပြုသည့် အရာရှိ တစ်ယောက်** ရှိရပါမည်။ ၎င်း၏ အမည်အပြည့်အစုံ၊ မြန်မာနိုင်ငံသားဆိုလျှင် နိုင်ငံသားမှတ်ပုံတင်အမှတ်၊ နိုင်ငံခြားသားဆိုလျှင် နိုင်ငံကူးလက်မှတ်အမှတ်၊ နိုင်ငံသား၊ ကုမ္ပဏီတွင် ထမ်းဆောင်နေသည့် ရာထူးတို့ကိုပါ ဖြည့်စွက် ရန် တောင်းခံထားပါသည်။ အချက်အလက်ကြေညာသည့်ပုံစံ၏ လမ်းညွှန်ချက်တွင်လည်း "ယခုဖြည့်စွက်လျက် ရှိသော အချက်အလက်များ မှန်ကန်ကြောင်း ကုမ္ပဏီကို *ခေါင်းဆောင်* အုပ်ချုပ်သူတစ်ဦးကဖြစ်စေ၊ ကုမ္ပဏီ၏ *ထိပ်တန်း* ဥပဒေအရာရှိကဖြစ်စေ ကတိပြုရန်လိုအပ်ပါသည်။ ထိုကတိပြုသူသည် အချက်အလက်များ မှန်ကန်မှုရှိ၊ မရှိနှင့် ပတ်သက်၍ တာဝန်ခံရမည့်သူဖြစ်သည်" ဟု ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားပါသည်။

(၃) အချက်အလက် ထုတ်ဖော် ကြေညာသည့် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ တင်ပြချက်များ နှင့်အတူ **"အထောက်အကူပြု စာရွက်စာတမ်းများ" ကိုပါ ပူးတွဲတင်သွင်းနိုင်ကြောင်း** ဖော်ပြထားပါသည်။ ပူးတွဲတင်ပြလာသည့် အထောက်အကူပြုစာရွက်စာတမ်းများအား DICA ဝက်ဘ်ဆိုက်ရှိ ကုမ္ပဏီတစ်ခုချင်းစီ၏ အင်တာနက်စာမျက်နှာတွင် အများပြည်သူသိနိုင်အောင် ဖော်ပြထားပါသည်။ ထိုအထောက်အကူပြုစာရွက်စာတမ်းများဆိုသည်မှာ ဥပမာအားဖြင့် "ကုမ္ပဏီမှတ်ပုံတင်စာရွက်၊ ကုမ္ပဏီနှစ်ပတ်လည် စာရင်းရှင်းတမ်းအစရှိသည်" တို့ဖြစ်ပါသည်။

ကုမ္ပဏီ ၁၀ ခု[21] သာလျှင် ၎င်းတို့၏ တင်ပြချက်များနှင့်အတူ စုစုပေါင်းအားဖြင့် စာရွက်စာတမ်း ၁၃ ခု ကို အထောက်အကူပြု စာရွက်စာတမ်းများအဖြစ် ပူးတွဲဖော်ပြထားပါသည်။

- DICA မှ ထုတ်ပေးထားသည့် ကုမ္ပဏီမှတ်ပုံတင်များ (၆ ခု)
- မိခင်ကုမ္ပဏီဝက်ဘ်ဆိုက်၏ ဓါတ်ပုံ (၁ ခု)
- အစုရှယ်ယာရှင်များ စာရင်း (မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အပါအဝင်) (၂ ခု)
- ကုမ္ပဏီ၏ အရာရှိများနှင့် အစုရှယ်ယာအရင်းအနှီးဆိုင်ရာ အသေးစိတ်အချက်အလက်များ ပါဝင်သည့် DICA မှတ်ပုံတင် (၁ ခု)
- နောက်ဆုံး ထွက်ရှိထားသည့် ဘဏ္ဍာရေးရှင်းလင်းချက် (၁ ခု)
- ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ရာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် အချက်အလက်များ၏ ဓါတ်ပုံ (၁ ခု)
- နိုင်ငံသားမှတ်ပုံတင် - အတည်ပြုရန်လို (၁ ခု)

[21] BERLANGA MYANMAR PTE. LTD. (MYANMAR BRANCH)
CAOG PTE. LTD. (MYANMAR BRANCH)
EMERALD GARDEN COMPANY LIMITED
KAUNG SU WAI HLYAN GEMS COMPANY LIMITED
MEHL
MYANMAR TASAKI COMPANY LIMITED
NIPPON OIL EXPLORATION (MYANMAR) LIMITED (YANGON BRANCH)
ONGC VIDESH LIMITED (BRANCH OFFICE)
PACIFIC HUNT ENERGY CORP (MYANMAR BRANCH)
PB MYANMAR COMPANY LIMITED.

ထို့အပြင် **တရားဝင် (အမည်ပေါက်) ပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များကို တောင်းခံထားသည့်အတွက် အတည်ပြု စိစစ်သည့် လုပ်ငန်းစဉ်ကို ပိုမိုလွယ်ကူစေပါသည်။** ကုမ္ပဏီ၏ ဖွဲ့စည်းတည်ဆောက်ပုံကို ပြည့်ပြည့်စုံစုံ သိနားလည်စေနိုင်သည့်အပြင် ထိမ်ချန်မှုအချို့ဖြစ်သည့် တရားဝင် (အမည်ပေါက်) ပိုင်ရှင်ရှင်များအား လူပုဂ္ဂိုလ်များအဖြစ် တင်ပြထားသော်လည်း အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအား တင်ပြမှုမရှိခဲ့ခြင်း၊ အမှန်တကယ် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများအတွက် ကြားခံလူပုဂ္ဂိုလ်များ (သို့) ကုမ္ပဏီများ အား တင်ပြမှုမရှိခဲ့ခြင်း ကဲ့သို့ ကိစ္စရပ်မျိုးကို ရိပ်စားမိစေရန် ်အထောက်အကူပြုပါသည်။

## ၃.၄။ DICA ဝက်ဘ်ဆိုက်

ကုမ္ပဏီများမှ တင်သွင်းလာသည့် အချက်အလက်များအားလုံးကို DICA ဝက်ဘ်ဆိုက်ရှိ "အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု" ကဏ္ဍတွင် သီးခြားကြည့်ရှုနိုင်ပါသည်။ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုနှင့် ဆက်စပ်သည့် နောက်ခံအကြောင်းအရာများကို ဖတ်ရှုသူများအတွက် ထည့်သွင်းပေးထားပြီး[22] အချက်အလက်များအားလုံးကို ပွင့်လင်းပုံစံ (CSV နှင့် json) ဖြင့် တစ်ပြိုင်နက်တည်း ဒေါင်းလုပ်ရယူနိုင်သလို ဒေတာဘေ့စ်အဖြစ်လည်း (နောက်ကဏ္ဍတွင် အသေးစိတ် ဖတ်ရှုပါ) ဖော်ပြထားပါသည်။

ဒေတာဘေ့စ်တွင် ကုမ္ပဏီများအားလုံးကို ၎င်းတို့၏ အမည်အက္ခရာစဉ်အလိုက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်၊ ကဏ္ဍအလိုက်၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်များအား တင်သွင်းထားမှုအခြေအနေတို့အပေါ် မူတည်ပြီး ပြသထားပါသည်။ ကုမ္ပဏီတစ်ခုချင်းစီ၏ အချက်အလက်များပါဝင်သည့် အင်တာနက်စာမျက်နှာနှင့် အချက်အလက်များဆီသို့ ကုမ္ပဏီအမည်ပေါ်တွင် ကလစ်တစ်ချက်နှိပ်ခြင်းအားဖြင့် ရောက်ရှိနိုင်ပါသည်။ ထို့အပြင် အသုံးပြုသူများအနေဖြင့် ပိုမိုလျင်မြန်စွာ ရှာဖွေလိုပါက ကုမ္ပဏီများအား ၎င်းတို့၏အမည်၊ ကဏ္ဍအလိုက်၊ မှတ်ပုံတင်အမှတ်၊ အခြေအနေတို့အလိုက် ရှာဖွေခြင်း (သို့) အမျိုးအစားခွဲခြားခြင်း ပြုလုပ်နိုင်ပါသည်။

ပိုမိုကောင်းမွန်စေရန်အတွက် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။

- **ကုမ္ပဏီ တစ်ခုချင်းစီ၏ စာမျက်နှာတွင် အချက်အလက်ဖြည့်သွင်းရမည့် နေရာတစ်ခုတွင် မဖြည့်ဘဲ ချန်ရစ်ခဲ့ပါက ကွင်းကွင်းကွက်ကွက် သိသာစေရန် ဖော်ပြထားသင့်ပါသည်။** လက်ရှိတွင် မဖြည့်ခဲ့သော နေရာများအား လုံးဝ ချန်လှပ်ထားခဲ့သဖြင့် ဖတ်ရှုသူများအနေဖြင့် ထိုအချက်အလက်များ (မတောင်းခံသည် သို့ မဖြည့်သည်ကို) ရှင်းရှင်းလင်းလင်း ခွဲခြားမသိနိုင်ပါ။

- **အချက်အလက်များရှာဖွေနိုင်သည့် နည်းလမ်းများ (လက်ရှိတွင် ကုမ္ပဏီအမည်၊ မှတ်ပုံတင်အမှတ် ဖြင့် ရှာဖွေနိုင်) တွင် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူ အမည်၊ တရားဝင် (အမည်ပေါက်) ပိုင်ရှင် အမည်များကို ရိုက်ထည့်၍ ၎င်းတို့နှင့် ပတ်သက်သော ကုမ္ပဏီများအား ရှာဖွေနိုင်အောင်ပါ စီစဉ်ထားပေးသင့်သည်။** နိုင်ဂျီးရီးယား EITI ဒေတာဘေ့စ်ကဲ့သို့[23] မြန်မာနိုင်ငံ၏ ဒေတာဘေ့စ်တွင်လည်း အကျိုးအမြတ်ရရှိ

[22] https://bo.dica.gov.mm/en

[23] https://bo.neiti.gov.ng/og_search

ပိုင်ဆိုင်သူများ၊ တရားဝင် (အမည်ပေါက်) ပိုင်ရှင်များအနက် ကုမ္ပဏီ (သို့) လူပုဂ္ဂိုလ်တစ်ယောက်ကို ရှာဖွေနိုင်စေရန် ပြုလုပ်ထားသင့်သည်။ ထိုသို့ပြုလုပ်ပါက ကုမ္ပဏီများအကြား ချိတ်ဆက်မှုများ၊ ဆက်စပ်မှုများကို ပိုမိုလွယ်ကူစွာ သိစေနိုင်ပါလိမ့်မည်။

- ထိုနည်းတူစွာပင် **ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းကို "ကလစ်နှိပ်၍ ရှာဖွေ၍ရအောင်**" ဆောင်ရွက်ပေးသင့်သည်။ ထိုသို့ နာမည်အပေါ်တွင် ကလစ်နှိပ်ပါက ၎င်းတို့နှင့် အချိတ်အဆက်ရှိသည့် အဖွဲ့များအားလုံးအား တစ်နေရာတည်း တန်းစီထားသည့် အင်တာနက် စာမျက်နှာဆီသို့ ရောက်ရှိစေရန် လုပ်နိုင်ပါသည်။

- နောက်ဆုံးအနေဖြင့် နောင်တစ်ကြိမ် အချက်အလက်ကောက်ယူရာတွင် အရေးကြီးသည့် ကိစ္စမှာ **မည်သည့် အချက်အလက်များကို မည်သည့်အချိန်တွင် ဝင်ရောက်ပြင်ဆင်ထားသည်**ကို ရှင်းရှင်းလင်းလင်းသိရှိရန် လိုအပ်ပါ သည်။ နောင်တစ်ကြိမ် ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ အချက်အလက်များကို ထပ်မံထည့်သွင်းရာတွင် ယခင်ရှိပြီး သား ဖြည့်ထားပြီး အချက်များကို ကြည့်ရှုနိုင်သော်လည်း မည်သည့်နေရာတွင် ထပ်မံ ဖြည့်စွက် ထားသည်/ ပြင်ဆင်ထားသည်ကိုပါ မြင်သာအောင် ပြုလုပ်ရန် လိုပါသည်။ ကုမ္ပဏီတစ်ခု၏ တရားဝင် (အမည်ပေါက်) ပိုင်ရှင်နှင့် အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုဆိုင်ရာ ဖွဲ့စည်းပုံ ပြောင်းလဲနေမှုများကို ပိုမိုသိရှိစေနိုင်မည်ဖြစ်သည့်အတွက် အစဉ်အဆက်မှတ်တမ်းများကို ထားရှိရန် အလွန် အရေးကြီးပါသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် သယံဇာတတူးဖော်ထုတ်လုပ်သည့်ကုမ္ပဏီများ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ လူပုဂ္ဂိုလ်များနှင့် စပ်လျဉ်းသည့် များပြားလှသော အချက်အလက်များကို အများပြည်သူ လက်လှမ်းမီရရှိနိုင်ခြင်းသည် အလွန်အရေးကြီးပြီး တိုးတက်မှုရှိသော လက္ခဏာဖြစ်သော်လည်း **ယင်းပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ အသေးစိတ်ကို ထုတ်ပြန်ရာတွင် ကိုယ်ရေးကိုယ်တာ အချက်အလက်များအား ကာကွယ်ခြင်း၊ ပြည်တွင်းမှ သတ်မှတ်ထားသည့် ပုဂ္ဂလိက လုံခြုံမှုဆိုင်ရာ နည်းဥပဒေများ၊ နိုင်ငံတစ်ကာမှ အကောင်းဆုံးလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိမရှိကို** ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်ကြေညာသည့်ပုံစံကို တင်သွင်းခဲ့ခြင်း မရှိသည့် ကုမ္ပဏီများ၏ ထောက်ပြချက်များအနက်မှ တစ်ခုဖြစ်သည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ အသေးစိတ်ကို ထုတ်ပြန်ခြင်းကိစ္စ အပါအဝင် ယခုအကြောင်းအရာအတွက် ထပ်မံ ဆွေးနွေးသင့်ပါသည်။

## ၃.၅။ ပွင့်လင်းပုံစံအချက်အလက်များ (Open Format Data)

**အများပြည်သူ ကြည့်ရှုနိုင်ရန် ထုတ်ပြန်လိုက်သည့်အချက်အလက်များသည် ပွင့်လင်းပုံစံ (open format) အမြဲဖြစ်နေရန် အလွန်အရေးကြီးပါသည်။ သို့သော် နောင်တွင်အသုံးပြုမည့်သူများအတွက် လွယ်ကူချောမွေ့စေရန် လက်ရှိ အချက်အလက် များအား ထုတ်ပြန်နေသည့်နည်းလမ်းကို ပြင်ဆင်မှု တော်တော်များများလုပ်ရန် လိုပါလိမ့်မည်။**[24]

[24] အောက်ပါမှတ်ချက်များသည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရယူထားသည့် https://bo.dica.gov.mm/en အင်တာနက်စာမျက်နှာမှ .CSV ပုံစံဖြင့် ရယူနိုင်သည့် ပွင့်လင်းပုံစံ အတွက် ဖြစ်ပါသည်။

- ပွင့်လင်းပုံစံမှ စာတိုင်များ (columns) သည် အချက်အလက် ကြေညာသည့်ပုံစံရှိ ဖြည့်သွင်းရမည့်နေရာများ၏ အစီအစဉ်နှင့် မတူခြင်းသည် ၎င်းကို ဖတ်ရှုရန် အလွန်ခက်ခဲစေသည်။ ထို့အပြင် ပွင့်လင်းပုံစံ၏ ခေါင်းစီးများသည် နားလည်ရခက်ပြီး ရှင်းရှင်းလင်းလင်း မရှိပါ။ ထို့ကြောင့် တစ်နေရာမှ တစ်နေရာ ကူးပြောင်းရန် ခက်ခဲပြီး မည်သည့်စာတိုင်ပါအချက်များက အချက်အလက်ကြေညာသည့်ပုံစံရှိ မည်သည့်နေရာကို ရည်ညွှန်းသည်ဟု နားလည်ရန် အခက်တွေ့စေပါသည်။ ထို့အပြင် အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ (သို့မဟုတ် တရားဝင် (အမည်ပေါက်) ပိုင်ဆိုင်သူ) တစ်ယောက်၏ အချက်အလက်များအား စာရွက်စာတမ်းတစ်ခုလုံး ဟိုတစ်စု သည်တစ်စု ပြန့်ကျဲနေစေပါသည်။

**စာတိုင်များရှိ ခေါင်းစီးများသည် ပိုမိုရှင်းလင်းပြီး ဖတ်ရှုရလွယ်ကူသင့်ပါသည်။ ထို့အပြင် အချက်အလက် ကြေညာသည့်ပုံစံ နှင့် ပွင့်လင်းပုံစံရှိ အချက်အလက်ဖြည့်ရမည်နေရာများအား နံပါတ်စဉ် တပ်ထားသင့်ပါသည်။**

- အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ (တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူများ) အား အကျိုးအမြတ် ရရှိပိုင်ဆိုင်သူ ၁၊ ၂၊ ၃ အစရှိသည်ဖြင့် ခွဲခြားထားသည်။ ထိုသို့ အချက်အလက်များ ပြန့်ကျဲနေခြင်းကြောင့် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူ အားလုံးအတွက် အချက်အလက်များကို စုဆောင်းသည့်အခါ အချိန်ကုန် လူပင်ပန်းသည့် လက်ဝင်သောအလုပ် ဖြစ်စေပါသည်။

**DICA နှင့် NCS အနေဖြင့် ပိုမိုရှင်းလင်းသည့် ပုံစံများကို သိနိုင်ရန် အင်တာနက်စာမျက်နှာအပေါ်တွင် အချက်အလက်ကြေညာသည့်ပုံစံအား တည်ဆောက်ပေးသည့် ကုမ္ပဏီ (web developer) ကို မေးမြန်းသင့်ပါသည်။ ဥပမာ နောက်တစ်ကြိမ် ထုတ်ပြန်ရာတွင် ပွင့်လင်းအချက်အလက်များအား ကုမ္ပဏီအမည်နှင့် စဉ်ထားခြင်း မဟုတ်ဘဲ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူများ၏ အမည်နှင့် စဉ်ထားသည့် ပုံစံ နောက်တစ်မျိုးကိုပါ စဉ်းစားနိုင်ပါသည်။**

- ကွက်လပ်ဖြစ်နေသောနေရာ (သို့) "null ဟု ဖြည့်သွင်းထားသည့် နေရာ" ၏ အဓိပ္ပာယ်မှာ မရှင်းပါ။ အချို့နေရာများမှာ (ဖြည့်စွက်ရန် လိုအပ်သော်လည်း) အချက်အလက်ကြေငြာသည့် ကုမ္ပဏီများမှ မဖြည့်သွင်းသည့်အတွက် ကွက်လပ်ဖြစ်နေပြီး အချို့မှာ မသက်ဆိုင်သောကြောင့် (လိုလည်း မလိုအပ်ပါ) မဖြည့်သွင်းထားသည့်အတွက် ကွက်လပ်ဖြစ်နေပါသည်။ လက်ရှိတွင် "null" ဟု ရေးထားပါက နှစ်မျိုးစလုံး ဖြစ်နိုင်ပါသည်။

**တောင်းခံသည့် အချက်များသည် မသက်ဆိုင်သောကြောင့် ဖြည့်သွင်းရန်မလိုအပ်ပါက "null" ဟု ဖော်ပြသင့်ပြီး ဖြည့်စွက်ရန် လိုအပ်သော်လည်း ချန်လှပ်ထားသည့်အခြေအနေမျိုးဆိုပါက ယင်းနေရာတွင် ကွက်လပ်ဖြစ်နေသင့် ပါသည်။**

- အကျိုးအမြတ်ရရှိပိုင်ဆိုင်သူမရှိဟု ထုတ်ပြန်ထားသည့် ကုမ္ပဏီများ၊ အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ ဖော်ထုတ်ရန် မလိုအပ်သည့် ကုမ္ပဏီများအတွက် "အကျိုးအမြတ် ရရှိပိုင်ဆိုင်သူ အရေအတွက် (စာတိုင်အမည်: field_number_of_beneficial_ownervalue)" ဆိုသည့် မေးခွန်းတွင် အဖြေ နံပါတ် ၁ ပေါ်နေပါသည်။

**ထိုကဲ့သို့ အလိုအလျောက်ဖြည့်ထားခြင်းသည် အချက်အလက်များအား သုံးသပ်ရာတွင် အခက်အခဲဖြစ်စေသည့်အတွက် ပြင်ဆင်သင့်ပါသည်။**

- ပိုင်ဆိုင်မှုပုံစံ ပထမအဆင့်ကို ရွေးချယ်ရန် အတွက်သာ ရှင်းရှင်းလင်းလင်း ဖော်ပြထားသော စာတိုင်တစ်ခု ရှိသည် (စာတိုင်အမည်: field_beneficial_owner_onefield_itemsfield_bo_infofield_itemsfield_b_o_infovalue)။
  အကျိုးအမြတ် ရရှိပိုင်ဆိုင်သူ တစ်ယောက်တည်းမှ ပိုင်ဆိုင်မှုပုံစံ ဒုတိယ (သို့) တတိယ နည်းလမ်းများအား ရွေးချယ်ထားခြင်း ရှိ၊ မရှိသိရှိရန် လွယ်ကူသောနည်းလမ်း မရှိပါ။ ထို့ကြောင့် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူ မည်မျှသည် ပိုင်ဆိုင်မှုဆိုင်ရာ နည်းလမ်းများစွာဖြင့် ကုမ္ပဏီများကို ထိန်းချုပ်ထားသည်ဟု သိနိုင်ရန် ခက်ခဲပါသည်။

**အချက်အလက်ကြေညာသည့်ပုံစံတွင် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူ တစ်ယောက်အနေဖြင့် ပိုင်ဆိုင်မှုပုံစံ နည်းလမ်းများ မည်မျှအထိရှိသည်ကို ပြည့်စုံရှင်းလင်းစွာ ဖော်ပြနိုင်မည့် နေရာတစ်နေရာရှိသင့်ပါသည်။**

- မွေးသက္ကရာဇ် ဖြည့်ရမည့်နေရာများတွင် မွေးနေ့၊ မွေးလ၊ မွေးသက္ကရာဇ်တို့အပြင် မလိုအပ်ဘဲ ရှုပ်ထွေးစေသည့် နာရီ၊ မိနစ် နှင့် စက္ကန့်တို့ပါ ပါဝင်နေပါသည်။ ထို့အပြင် မွေးနေ့၊ မွေးလ၊ မွေးသက္ကရာဇ်သည် အချို့သော ကွန်ပျူတာညွှန်ကြားချက်များ (softwares) တွင် က ဖတ်ရှုနိုင်ခြင်းမရှိသဖြင့် အစီအစဉ်အတိုင်း စဉ်ရာတွင်၊ သုံးသပ်ရာတွင် အခက်တွေ့စေပါသည်။

**မွေးနေ့၊ မွေးလ၊ မွေးသက္ကရာဇ်ပုံစံသည် (၁-၁-၂၀၂၀ အစား) ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ကဲ့သို့ ရှင်းရှင်းလင်းရှိနေသင့်ပြီး နာရီ၊ မိနစ် နှင့် စက္ကန့်တို့ကို ဖယ်ရှားသင့်ပါသည်။**

နောက်တစ်ကြိမ် အချက်အလက်များ မကောက်ယူမီ အောက်ပါအချက်ကို ရှင်းရှင်းလင်းလင်း ပြုလုပ်ထားရန် လိုအပ်ပါသည်။

- ပွင့်လင်းပုံစံပါ စာတိုင်အမည်:
  "field_beneficial_owner_threefield_itemsfield_pepsfield_itemsfield_declared_owner_pepvalue2" ဆိုသည်မှာ မည်သည့်အချက်ကို ရည်ညွှန်းသနည်း

- ပွင့်လင်းပုံစံပါ စာတိုင်အမည်:
  "field_beneficial_owner_onefield_itemsfield_bo_infofield_itemsfield_b_o_info1tid" နှင့်
  "field_beneficial_owner_twofield_itemsfield_bo_infofield_itemsfield_b_o_info1tid" တို့သည် မည်သည့်အချက်ကို ရည်ညွှန်းသနည်း။ ထိုစာတိုင်များတွင် ဖြည့်သွင်းထားသည့် တစ်ခုတည်းသော အချက်အလက်မှာ ၃၄၀၅ သာဖြစ်ပြီး ၎င်းကို DICA ဝက်ဘ်ဆိုက်ရှိ အချက်အလက်ဖော်ထုတ်ကြေညာသည့်အဖွဲ့များ၏ တင်သွင်းချက် မည်သည့်နေရာတွင်မျှ ဖော်ပြထားခြင်းမရှိပါ။

## ၄။ အသေးစိတ် ထပ်မံသုံးသပ်နိုင်သည့် အချက်များ

ယခုအစီရင်ခံစာတွင် အချိန်အကန့်အသတ်ကြောင့်သော်လည်းကောင်း၊ အစီရင်ခံစာကို ပြင်ဆင်သူအတွက် သဘောတူထားသည့် လုပ်ငန်းဝတ္တရားများတွင် ထည့်သွင်းထားခြင်း မရှိသောကြောင့်သော်လည်းကောင်း အောက်ပါ အချက်အလက်များကို လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ပါ။ ယခုလောလောဆယ် ထုတ်ပြန်ပြီးဖြစ်သည့် ပထမအကြိမ် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်များနှင့် နောင်တွင် ထပ်မံထွက်ရှိလာမည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု အချက်အလက်များကို အသုံးပြု၍ အောက်ပါတို့ကို ထပ်မံစိစစ်ခြင်း၊ အချိန်ပေး၍ ထပ်မံသုံးသပ်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။

- အချို့သောကုမ္ပဏီများက မည်သည့်အကြောင်းကြောင့် အချက်အလက်များ ဖြည့်သွင်းထားသည့် ပုံစံကို မတင်သွင်း ခဲ့သည်ကို ထပ်မံ၍ စုံစမ်းခြင်း
- အကျိုးအမြတ် ရရှိပိုင်ဆိုင်သူ လုံးဝမရှိပါဟု အစီရင်ခံတင်ပြလာသည့် ကုမ္ပဏီများ၏ ဖွဲ့စည်းပုံများကို စစ်ဆေးခြင်း
- အချို့သော နိုင်ငံရေးအရ သြဇာတိက္ကမ ရှိသူများက မိမိတို့အကြောင်းကို တိကျမှန်ကန်စွာ အစီရင်ခံထားခြင်း ရှိ၊ မရှိကို အသေးစိတ် စစ်ဆေးခြင်း
- ထုတ်ပြန်ထားသည့် အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးနိုင်မည့် အခြားအချက်အလက် ရင်းမြစ်များကို လေ့လာခြင်း (ဥပမာ - Open Corporates လမ်းညွှန်)
- စိစစ်အတည်ပြုသည့်နည်းလမ်းများအား ပိုမိုအားကောင်းစေရန်အတွက် ဖြစ်နိုင်ချေရှိသည့် နည်းလမ်းများကို စဉ်းစားခြင်း။ ဥပမာ - အင်ဒိုနီးရှားနိုင်ငံတွင် ထုတ်ဖော်သည့်အချက်အလက်များ၏ တိကျမှန်ကန်မှုကို အထောက်အကူဖြစ်စေရန် စာရွက်စာတမ်းများ ပူးတွဲဖော်ပြခြင်းကို ရွေးချယ်ခွင့်ပေးထားခြင်း မဟုတ်ဘဲ မဖြစ်မနေ တောင်းခံပါသည်။ ဂါနာနိုင်ငံတွင် အချက်အလက်များ မတင်သွင်းမီ ဖော်ထုတ်သည့် အချက်အလက်များအား စာချုပ်စာတမ်း သက်သေခံရှေ့နေမှ အတည်ပြုလက်မှတ်ရေးထိုးပေးရန် သတ်မှတ်ထားပါသည်။[25]
- တရားဝင် (အမည်ပေါက်) ပိုင်ရှင်များ နှင့် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများ၏ အချက်အလက်များအပေါ် အခြေခံ၍ ကုမ္ပဏီများအကြား ဆက်နွယ်မှုကို သက်သေပြနိုင်ခြင်း၊ သုံးသပ်ခြင်း
- အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများနှင့် စပ်လျဉ်းသည့် ပုဂ္ဂလိကအချက်အလက်များကို အများပြည်သူသိရှိနိုင်ရန် ဖော်ထုတ်ရာတွင် ကိုယ်ရေးကိုယ်တာ အချက်အလက်များအား ကာကွယ်ခြင်း၊ ပြည်တွင်းမှ သတ်မှတ်ထားသည့် ပုဂ္ဂလိက လုံခြုံမှုဆိုင်ရာ နည်းဥပဒေများ၊ နိုင်ငံတစ်ကာမှ အကောင်းဆုံးလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိမရှိကို ဆန်းစစ်ခြင်း
- ထုတ်ပြန်ထားသည့် အချက်အလက်များအား အခြားအစိုးရဌာနများမှ ၎င်းတို့၏ ဌာနလုပ်ငန်း အသီးသီးအတွက် မည်သို့ အသုံးပြုနိုင်မည်ဆိုသည့် အချက်များကို ထပ်မံ၍ရှာဖွေဖော်ထုတ်ပေးခြင်း
- မြန်မာနိုင်ငံရှိ အခြားသောကဏ္ဍများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများကို သုံးသပ်ခြင်း
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှု၊ ထိန်းချုပ်မှုများကို သေသေချာချာပိုမိုနားလည်စေရန် ပုံစံတွင် မေးနိုင်မည့် မေးခွန်းများကို စဉ်းစားခြင်း

[25] EITI၊ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသည့် စာတမ်း - EITI စံနှုန်းအား အကောင်အထည်ဖော်နေသည့် နိုင်ငံများတွင် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ ပွင့်လင်းမြင်သာအောင် ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေအရ လုပ်ထုံးလုပ်နည်းများ (Legal approaches to beneficial ownership transparency in EITI countries)

## နောက်ဆက်တွဲ ၁ - အချက်အလက်ထုတ်ဖော်ကြေညာသည့် အဖွဲ့အစည်းများအား အမျိုးအစားခွဲခြားဖော်ပြခြင်း

အမျိုးအစားသတ်မှတ်ရန်အတွက် အသုံးပြုသည့် အသေးစိတ်အချက်များကို ၂.၁.၁. တွင် ရှုပါ။

| အချက်အလက်များ ပြည့်ပြည့်စုံစုံ ဖြည့်သွင်းထားသည့်ပုံစံကို တင်သွင်းခဲ့သည့် အဖွဲ့အစည်းများ (၈၀) |
|---|
| (၁.၁.၁) ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် ((1.1.1) GEMS & JEWELLERY COMPANY LIMITED) |
| အာကွာဂိုးလ် မြန်မာ ပုလဲ ကုမ္ပဏီ လီမိတက် (AQUAGOLD MYANMAR PEARL COMPANY LIMITED) |
| အောင်အောင်နိုင်နိုင် ကျောက်မျက် ကုမ္ပဏီ လီမိတက် (AUNG AUNG NAING NAING GEMS COMPANY LIMITED) |
| အောင်မြင်သူကျောက်မျက် ကုမ္ပဏီ လီမိတက် (AUNG MYIN THU GEMS & JEWELLERY COMPANY LIMITED) |
| ရော ကျောက်စိမ်း ကုမ္ပဏီ လီမိတက် (AYAR JADE COMPANY LIMITED) |
| ဘဲလ်ပါး မြန်မာကုမ္ပဏီလီမိတက် (BELPEARL MYANMAR COMPANY LIMITED) |
| ချန်လုံကျောက်မျက်ရတနာကုမ္ပဏီလီမိတက် (CHANG LONG GEMS & JEWELLERY COMPANY LIMITED) |
| ခရက်(စ်)တဲ(လ်)ရက်(ဒ်)ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် (CRYSTAL RED GEMS COMPANY LIMITED) |
| မြဥယျာဉ် ကုမ္ပဏီ လီမိတက် (EMERALD GARDEN COMPANY LIMITED) |
| ထာဝရ သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီ လီမိတက်) (ETERNAL MINING COMPANY LIMITED) |
| အဲဗားဝင်းနားကျောက်မျက်ကုမ္ပဏီလီမိတက် (EVER WINNER GEMS COMPANY LIMITED) |
| လယ်သမားဖိုးရာဇာ ကျောက်မျက် ကုမ္ပဏီ လီမိတက် (FARMER PHOYARZAR GEMS COMPANY LIMITED) |
| ရွှေတံတိုင်းကျောက်မျက်ကုမ္ပဏီလီမိတက် (GOLDEN GRATE WALL GEMS COMPANY LIMITED) |
| ဂွတ်(ဒ်) ဘရားသား(စ်) မစ်ရှင်နရီ ကုမ္ပဏီ လီမိတက် (GOOD BROTHERS MACHINERIES COMPANY LIMITED) |
| မဟာအစပထမကျောက်မျက်ကုမ္ပဏီလီမိတက် (GREAT GENESIS GEMS COMPANY LIMITED) |
| မြစိမ်းတောင် ကုမ္ပဏီ လီမိတက် (GREEN MOUNTAIN COMPANY LIMITED) |
| ထူး အပြည်ပြည်ဆိုင်ရာ စက်မှုလုပ်ငန်းစု ကုမ္ပဏီ လီမိတက် (HTOO INTERNATIONAL INDUSTRY GROUP COMPANY LIMITED) |
| ISTECH ENERGY EP-5 PTE. LTD (MYANMAR BRANCH)* |
| ကျောက်စိမ်းတောင် ကျောက်မျက် ကုမ္ပဏီ လီမိတက် (JADE MOUNTAIN GEMS COMPANY LIMITED) |
| ကျောက်စိမ်းသစ်ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (JADE NEW GEMS & JEWELLERY COMPANY LIMITED) |
| ကျောက်စိမ်းပဒေသာ ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (JADE PADATHAR GEMS COMPANY LIMITED) |
| ကျောက်စိမ်း ရှေ့ဆောင် ကုမ္ပဏီ လီမိတက် (JADE PIONEER COMPANY LIMITED) |
| ကျောက်စိမ်းရတနာ ကုမ္ပဏီ လီမိတက် (JADE TREASURE COMPANY LIMITED) |
| ကချင် တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေး (ကျောက်မျက်ရတနာ) ကုမ္ပဏီ လီမိတက် (KACHIN NATIONALS DEVELOPMENT AND PROGRESS (GEMS) COMPANY LIMITED) |
| ကောင်းမြတ်သုခ ကုမ္ပဏီ လီမိတက် (KAUNG MYAT THUKHA COMPANY LIMITED) |
| ကောင်းစုအောင်ကျောက်စိမ်းနှင့်ကျောက်မျက် ကုမ္ပဏီလီမိတက် (KAUNG SU AUNG JADE AND GEMS COMPANY LIMITED) |
| ကောင်းစုဝေလျှံ ကျောက်မျက် ကုမ္ပဏီ လီမိတက် (KAUNG SU WAI HLYAN GEMS COMPANY LIMITED) |

| |
|---|
| ကောင်းစွမ်းထက် ကုမ္ပဏီ လီမိတက် (KAUNG SWANN HTET COMPANY LIMITED) |
| ခိုင်လုံကျောက်မျက်ကုမ္ပဏီလီမိတက် (KHAING LON GEMS COMPANY LIMITED) |
| ခင်ဇော်အောင်နှင့် ညီအစ်ကိုများ ကျောက်မျက်ရတနာ တူးဖော်ရေးကုမ္ပဏီလီမိတက် (KHIN ZAW AUNG & BROTHERS GEMS AND JEWELLERY COMPANY LIMITED) |
| ခွန်ပအိုဝ်း ကျောက်မျက်နှင့်တွင်းထွက်ရတနာ ကုမ္ပဏီ လီမိတက်(KHUN-PA-OH GEMS & JEWELLERY COMPANY LIMITED) |
| ကြိုင် အပြည်ပြည်ဆိုင်ရာ ကျောက်မျက် ကုမ္ပဏီ လီမိတက် (KYAING INTERNATIONAL GEMS COMPANY LIMITED) |
| လင်းလက်ဝင်းကျောက်မျက်ရတနာကုမ္ပဏီလီမိတက် (LINN LETT WIN YADANAR GEMS COMPANY LIMITED) |
| လျှန်ရှန်း ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် (LYAN SHAN JEWELLERY COMPANY LIMITED) |
| မန္တလေးဖြန့်ချီရေးနှင့် သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် (MANDALAY DISTRIBUTION & MINING COMPANY LIMITED) |
| မြန်မာ့ရေနံ နှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) |
| MPRL E&P PTE LTD. (YANGON BRANCH)* |
| မြရောင်ထွန်း ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (MYA YAUNG TUN GEMS & JEWELLERY COMPAYN LIMITED) |
| မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (Myanma Gems Enterprise) |
| မြန်မာအတ္တလန္တိတ်ကုမ္ပဏီလီမိတက် (MYANMAR ATLANTIC COMPANY LIMITED) |
| မြန်မာဂိုးဒင်းပွိုင့်ဖန်မလီ ကုမ္ပဏီလီမိတက် (MYANMAR GOLDEN POINT FAMILY CO., LTD.) |
| မြန်မာစည်သူရတနာ ကုမ္ပဏီ လီမိတက် (MYANMAR SI - THU JEWELLERY COMPANY LIMITED) |
| မြန်မာသူရ ကျောက်မျက် ကုမ္ပဏီ လီမိတက် (MYANMAR THURA GEMS COMPANY LIMITED) |
| မြတ်ယမုံ ကျောက်မျက် ကုမ္ပဏီလီမိတက် (MYAT YAMON GEMS COMPANY LIMITED) |
| မျိုးနွယ်ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (MYO NWE GEMS & JEWELLERY COMPANY LIMITED) |
| နန်းထိုက် ပြည့်ပိုင် ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက်<br>(NAN HTIKE PYAE PAING GEMS & JEWELLERY COMPANY LIMITED) |
| နေလပွင့် ကျောက်မျက် ကုမ္ပဏီ လီမိတက် (NAY LA PWINT GEMS COMPANY LIMITED) |
| နယူးဂျိတ် အင်တာနယ်ရှင်နယ် ကုမ္ပဏီ လီမိတက် (NEW JADE INTERNATIONAL COMPANY LIMITED) |
| ငွေကမ္ဘာမြန်မာ ကုမ္ပဏီလီမိတက် (NGWE KABAR MYANMAR COMPANY LIMITED) |
| ငွေရည်ပုလဲ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် (Ngwe Yi Pa Le Mining Co., Ltd.) |
| နီနိုပုလဲမွေးမြူရေး ကုမ္ပဏီ လီမိတက် (NIINO PEARL CULTURING COMPANY LIMITED) |
| နီလာရိုးမ ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (NILAR YOMA GEMS COMPANY LIMITED) |
| ဦးရ ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (OO YA GEMS & JEWELLERY COMPANY LIMITED) |
| အရှေ့တိုင်း ပုလဲ ကုမ္ပဏီ လီမိတက် (ORIENT PEARL COMPANY LIMITED) |
| ဖိုးသာထူး ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (PHO THAR HTOO GEMS COMPANY LIMITED) |
| ဖြိုးသီဟကျော် ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (PHYO THIHA KYAW GEMS COMPANY LIMITED) |
| POSCO INTERNATIONAL CORPORATION (MYANMAR E&P OFFICE)* |
| ပြည့်စုံထက်မြင့် ကုမ္ပဏီလီမိတက် (PYAE SONE HTET MYINT COMPANY LIMITED) |
| ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် (PYI PHYO TUN INTERNATIONAL COMPANY LIMITED) |
| ကျောက်စိမ်းနဂါးကျောက်စိမ်းကျောက်မျက်ကုမ္ပဏီလီမိတက် (RUBY DRAGON JADE & GEMS COMPANY LIMITED) |

| |
|---|
| စိန်လုံ(မ်) တောင်တန်း ကျောက်မျက် ကုမ္ပဏီ လီမိတက် (SEIN LOM TAUNG TAN GEMS COMPANY LIMITED) |
| ရွှေအုတ်ခဲ သတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက် (SHWE OAK KHAI MINING COMPANY LIMITED) |
| ငွေဆင် ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (SILVER ELEPHANT GEMS COMPANY LIMITED) |
| သဘာဝအကောင်းဆုံး ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်<br>(SUPER NATURAL GEMS & JEWELLERY COMPANY LIMITED) |
| သဖြုသတ္တု တူးဖော်ရေး ကုမ္ပဏီ လီမိတက် (THA BYU MINING COMPANY LIMITED) |
| သံတော်မြတ် ကုမ္ပဏီလီမိတက် (THAN TAW MYAT COMPANY LIMITED) |
| သိရောမဏိ ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (THI RAW MANI GEMS & JEWELLERY COMPANY LIMITED) |
| ထိပ်တန်းကြယ်ဆယ်ခုထုတ်လုပ်မှုကုမ္ပဏီလီမိတက် (TOP TEN STAR PRODUCTION CO., LTD.) |
| ရတနာကြယ်ကုမ္ပဏီလီမိတက်(TREASURE STAR COMPANY LIMITED) |
| ယူနီတီ ကျောက်မျက် ကုမ္ပဏီ လီမိတက် (UNITY GEMS COMPANY LIMITED) |
| အဖိုးတန် စံချိန်မှီ ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက် (VALUE STANDARD GEMS & JEWELLERY COMPANY LIMITED) |
| ဝေအောင်ကမ္ဘာ ကျောက်မျက် ကုမ္ပဏီ လီမိတက် (WAI AUNG GABAR GEMS COMPANY LIMITED) |
| ဝေမိသားစု ကျောက်မျက် ရတနာ ကုမ္ပဏီ လီမိတက် (WAI FAMILY GEMS COMPANY LIMITED) |
| ဝင်းမြင့်မိုရ် စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (WIN MYINT MO INDUSTRIES COMPANY LIMITED) |
| WOODSIDE ENERGY (MYANMAR) PTE LTD (YANGON BRANCH)* |
| ရတနာတောင်တန်း ကျောက်မျက် ကုမ္ပဏီ လီမိတက် (YADANAR TAUNG TANN GEMS COMPANY LIMITED) |
| ရတနာ ဆင် သုံးကောင် ကုမ္ပဏီ လီမိတက်(YADANAR THREE ELEPHANT COMPANY LIMITED) |
| ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ (Yangon City Development Committee) |
| ရာဇဌာနီ ကျောက်မျက် ကုမ္ပဏီ လီမိတက် (YAR ZA HTAR NE GEMS COMPANY LIMITED) |
| ဇမ္ဗူသီရိ ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (ZEBU THIRI GEMS COMPANY LIMITED) |

| အမှားအနည်းငယ်ပါသော ပုံစံကို တင်သွင်းခဲ့သည့် အချက်အလက် ထုတ်ဖော်ကြေညာသည့်အဖွဲ့များ (၁၀) | |
|---|---|
| ရောရတနာကုမ္ပဏီလီမိတက် (AYAR YADANAR COMPANY LIMITED) | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူ၏ ရာခိုင်နှုန်းများကို တင်ပြရာတွင် အမှားများ ပါရှိခြင်း |
| BG EXPLORATION & PRODUCTION MYANMAR PTE.LIMITED(MYANMAR BRANCH)* | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူဖြစ်သည့် အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီ၏ အမည်ဖော်ပြရန် ပျက်ကွက်ခြင်း |
| CORNERSTONE RESOURCES ( MYANMAR ) LTD.* | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူဖြစ်သည့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း၏ အမည်ဖော်ပြရန် ပျက်ကွက်ခြင်း |
| GOLDPETROL JOINT OPERATING COMPANY INC. (YANGON BRANCH)* | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူဖြစ်သည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း၏ အမည်ဖော်ပြရန် ပျက်ကွက်ခြင်း |
| ဟော့ကြည် ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (HAWK KYI JEWELLERY COMPANY LIMITED) | အချက်အလက်များ မှန်ကန်ကြောင်း အတည်ပြုလက်မှတ်ရေးထိုးပေးသူသည် အကြီးတန်းအရာရှိ ဖြစ်မနေခြင်း |
| မြန်မာ့ပုလဲထုတ်လုပ်ရေး နှင့် ရောင်းဝယ်ရေးလုပ်ငန်း (MPE) | နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း၏ သက်ဆိုင်ရာနိုင်ငံကို ဖော်ပြရန် ပျက်ကွက်ခြင်း |
| အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း (NO.(1) HEAVY INDUSTRIAL ENTERPRISE) | ရုံးလိပ်စာ မပါဝင်ခြင်း၊ ဆက်သွယ်ရန်ပုဂ္ဂိုလ်အမည်မပါဝင်ခြင်း |
| PB MYANMAR COMPANY LIMITED* | တရားဝင် (အမည်ပေါက်) ပိုင်ဆိုင်မှုသည် ၁၀၀% ကျော်နေခြင်း၊ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူဖြစ်သည့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း၏ အမည်ဖော်ပြရန် ပျက်ကွက်ခြင်း |
| SHELL MYANMAR ENERGY PTE LIMITED (YANGON BRANCH)* | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူဖြစ်သည့် အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီ၏ အမည်ဖော်ပြရန် ပျက်ကွက်ခြင်း |
| Shwe Pyi Tha Gems Trading and Faceting Co-op., Ltd.* | အစုရှယ်ယာအရေအတွက်များ ဖော်ပြရန် ပျက်ကွက်ခြင်း |

| ထင်ရှားသော ကွာဟချက်များ/အမှားများပါသည့် ပုံစံကို တင်သွင်းခဲ့သည့် အချက်အလက်ထုတ်ဖော်ကြေညာသည့် အဖွဲ့များ (၃၁) | |
|---|---|
| BERLANGA MYANMAR PTE. LTD. (MYANMAR BRANCH)* | ပိုင်ဆိုင်မှုပုံစံနည်းလမ်းအား မှားယွင်းရွေးချယ်ထားခြင်း |
| CAOG PTE. LTD. (MYANMAR BRANCH)* | ပိုင်ဆိုင်မှုပုံစံနည်းလမ်းအား မှားယွင်းရွေးချယ်ထားခြင်း |
| ချောင်ဘရားသားဂျမ်းစတုံးအင်တာပရိုက်(ဖ်)လီမိတက် (CHAOW BROTHERS GEMSTONE ENTERPRISE LIMITED) | အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအား ဖော်ထုတ်ရန်ပျက်ကွက်ခြင်း၊ တရားဝင် (အမည်ပေါက်) ပိုင်ရှင်များအား အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအဖြစ် တင်ပြရန် ပျက်ကွက်ခြင်း |
| ENI MYANMAR B.V(MYANMAR BRANCH)* | စတော့ဈေးကွက်တွင် တင်ထားသည့် စာရင်းရှင်းတမ်းများဆီသို့ ရောက်ရှိနိုင်ရန် ဖော်ပြထားသည့် အင်တာနက်စာမျက်နှာသည် မှားယွင်းနေခြင်း |
| ပထမ အရင်းအမြစ် ကုမ္ပဏီ လီမိတက် (FIRST RESOURCES COMPANY LIMITED) | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူမရှိဟု ဖော်ပြထားသည်မှာ သံသယဖြစ်ဖွယ်ကောင်းခြင်း |
| ဂရိတ်နိုင်း ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (GREAT NINE GEMS COMPANY LIMITED) | နိုင်ငံရေးအရ သြဇာတိက္ကမရှိသူနှင့် စပ်လျဉ်းသည့် မေးခွန်းအား ဖြေထားမှုမရှိခြင်း၊<br>အကျိုးအမြတ်ရရှိပိုင်ဆိုင်သူ၏ မွေးသက္ကရာဇ်မပါခြင်း၊<br>တိုက်ရိုက်အစုရှယ်ယာ စတင်ပိုင်ဆိုင်သောရက်စွဲမပါခြင်း |
| ကယားပြည်နယ် သတ္တုထုတ်လုပ်ရေး ကုမ္ပဏီ လီမိတက် (KAYAH STATE MINERAL PRODUCTION COMPANY LIMITED) | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူအား ဖော်ထုတ်ရန်ပျက်ကွက်ခြင်း၊ ၎င်းကို ပိုင်ဆိုင်သည့်ကုမ္ပဏီနှင့် စပ်လျဉ်းသည့် အချက်အလက်များ မပါဝင်ခြင်း |
| ကျော်နိုင်နှင့်ညီများကျောက်မျက် ကုမ္ပဏီလီမိတက် (KYAW NAING & BROTHERS GEMS COMPANY LIMITED) | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူအား ဖော်ထုတ်ရန် ပျက်ကွက်ခြင်း၊<br>တရားဝင် (အမည်ပေါက်) ပိုင်ရှင်များအား အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအဖြစ် တင်ပြရန် ပျက်ကွက်ခြင်း |
| အမှတ် (၁) သတ္တုတွင်းလုပ်ငန်း (ME1) | နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းနှင့် ဆက်နွယ်သည့် အစိုးရအဖွဲ့အစည်းအား ထုတ်ဖော်ရန် ပျက်ကွက်ခြင်း |
| MOATTAMA GAS TRANSPORTATION CO., LTD. (BRANCH)* | တရားဝင် (အမည်ပေါက်) ပိုင်ဆိုင်မှုများနှင့် စပ်လျဉ်း၍ တစ်ချို့တစ်ဝက်သာတင်ပြခြင်း၊<br>၎င်းကို ပိုင်ဆိုင်သည့်ကုမ္ပဏီနှင့် စပ်လျဉ်းသည့် အချက်အလက်များ မပါဝင်ခြင်း |

| | |
|---|---|
| မြန်မာ့ စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MYANMA ECONOMIC HOLDINGS PUBLIC COMPANY LIMITED) | ၎င်းကိုယ်ကို တရားဝင် (အမည်ပေါက်) ပိုင်ရှင်အဖြစ် တင်ပြခြင်း၊<br>အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများကို နိုင်ငံရေးအရ သြဇာတိက္ကမ ရှိသူများအဖြစ် တင်ပြသင့်ခြင်း |
| မြန်မာစိမ်းလဲ့အောင် ကျောက်မျက် ကုမ္ပဏီ လီမိတက် (MYANMA SEINN LEI AUNG GEMS COMPANY LIMITED) | တရားဝင် (အမည်ပေါက်) ပိုင်ရှင်များအား အကျိုးအမြတ် ရရှိပိုင်ဆိုင်သူအဖြစ် တင်ပြမှုမရှိခြင်း |
| မြန်မာ အက်ဒမန်ပါးလ် ကုမ္ပဏီလီမိတက် (MYANMAR ANDAMAN PEARL COMPANY LIMITED) | တရားဝင် (အမည်ပေါက်) ပိုင်ရှင်များအား အကျိုးအမြတ် ရရှိပိုင်ဆိုင်သူအဖြစ် တင်ပြမှုမရှိခြင်း |
| မြန်မာအင်ပီးရီးရယ်ဂျိတ် (ကျောက်မျက်ရတနာ) ကုမ္ပဏီ လီမိတက် (MYANMAR IMPERIAL JADE (GEMS & JEWELLERY) COMPANY LIMITED) | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူအား ဖော်ထုတ်ရန် ပျက်ကွက်ခြင်း၊<br>၎င်းကို ပိုင်ဆိုင်သည့်ကုမ္ပဏီနှင့် စပ်လျဉ်းသည့် အချက်အလက်များ မပါဝင်ခြင်း |
| မြန်မာ ရူဘီ အင်တာပရိုက်(စ်) ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (MYANMAR RUBY ENTERPRISE (GEMS & JEWELLERY) COMPANY LIMITED) | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူမရှိဟု ဖော်ပြထားသည်မှာ သံသယဖြစ်ဖွယ်ကောင်းခြင်း |
| မြန်မာတာဆာကီ ကုမ္ပဏီ လီမိတက် (MYANMAR TASAKI COMPANY LIMITED) | အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ကိုက်ညီသည့် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူ မရှိခြင်း |
| မြန်မာဝမ်ဘောင်မိုင်းနင်းကော့ပါးလီမိတက် (MYANMAR WANBAO MINING COPPER LIMITED) | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူမရှိဟု ဖော်ပြထားသည်မှာ သံသယဖြစ်ဖွယ်ကောင်းခြင်း |
| MYANMAR YANG TSE COPPER LIMITED* | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူမရှိဟု ဖော်ပြထားသည်မှာ သံသယဖြစ်ဖွယ်ကောင်းခြင်း |
| NIPPON OIL EXPLORATION (MYANMAR) LIMITED (YANGON BRANCH)* | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူအား ဖော်ထုတ်ရန် ပျက်ကွက်ခြင်း |
| ONGC VIDESH LIMITED(BRANCH OFFICE)* | စတော့ဈေးကွက်တွင် စာရင်းရှင်းတမ်းများကို တင်ထားသည့် အင်တာနက်စာမျက်နှာလိပ်စာအား ထုတ်ဖော်မထားခြင်း၊<br>ကြားခံကုမ္ပဏီ၏အမည် နှင့် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူဖြစ်သည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း၏ အမည်ကို ထုတ်ဖော်မထားခြင်း |
| OPHIR MYANMAR (BLOCK AD-3) LIMITED (MYANMAR BRANCH)* | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူဖြစ်သည့် အများပိုင်၊ စတော့ဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီ၏ အမည်အား ဖော်ထုတ်ရန်ပျက်ကွက်ခြင်း၊<br>ပိုင်ဆိုင်မှုပုံစံနည်းလမ်းအား မှားယွင်းရွေးချယ်ထားခြင်း |

| | |
|---|---|
| PACIFIC HUNT ENERGY CORP (MYANMAR BRANCH)* | ၎င်းကို ပိုင်ဆိုင်သည့်ကုမ္ပဏီအား ကြားခံကုမ္ပဏီအဖြစ် တင်ပြမှုမရှိခြင်း |
| ဖြိုးပြည့်စုံ ကျောက်မျက် ကုမ္ပဏီ လီမိတက်<br>(PHYO PYAE SONE GEMS COMPANY LIMITED) | အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအား ဖော်ထုတ်ရန်ပျက်ကွက်ခြင်း၊ တရားဝင် (အမည်ပေါက်) ပိုင်ရှင်များအား အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအဖြစ် တင်ပြမှုမရှိခြင်း |
| PTTEP INTERNATIONAL LTD. (YANGON BRANCH)* | စတော့ဈေးကွက်တွင် တင်ထားသည့် စာရင်းရှင်းထားများအား ဖော်ပြမထားခြင်း၊<br>စတော့ဈေးကွက်တွင် တင်ထားသည့် စာရင်းရှင်းတမ်းများဆီသို့ ရောက်ရှိနိုင်ရန် ဖော်ပြထားသည့် အင်တာနက်စာမျက်နှာသည် မှားယွင်းနေခြင်း |
| PTTEP SOUTH ASIA LIMITED. (YANGON BRANCH)* | စတော့ဈေးကွက်တွင် တင်ထားသည့် စာရင်းရှင်းတမ်းများဆီသို့ ရောက်ရှိနိုင်ရန် ဖော်ပြထားသည့် အင်တာနက်စာမျက်နှာသည် မှားယွင်းနေခြင်း |
| စိုင်းလောင်ဟိန်းသတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက်<br>(SAI LAUNG HEIN MINING COMPANY LIMITED) | အကျိုးအမြတ်ရရှိပိုင်ဆိုင်သူအား ဖော်ထုတ်ရန်ပျက်ကွက်ခြင်း၊ ၎င်းကို ပိုင်ဆိုင်သည့် ကုမ္ပဏီနှင့်စပ်လျဉ်းသည့် အချက်အလက်များ မပါဝင်ခြင်း |
| တောက်ပသောကြယ်အလင်းကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက်<br>(SHINING STAR LIGHT GEMS & JEWELLERY CO., LTD) | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူအား ဖော်ထုတ်ရန်ပျက်ကွက်ခြင်း၊ တရားဝင် (အမည်ပေါက်) ပိုင်ရှင်များအား အကျိုးအမြတ် ရရှိပိုင်ဆိုင်သူအဖြစ် တင်ပြရန် ပျက်ကွက်ခြင်း |
| ရွှေဗျိုင်းဖြူ ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက်<br>(SHWE BYAIN PHYU GEMS COMPANY LIMITED) | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူအား ဖော်ထုတ်ရန်ပျက်ကွက်ခြင်း၊ တရားဝင် (အမည်ပေါက်) ပိုင်ရှင်များအား အကျိုးအမြတ် ရရှိပိုင်ဆိုင်သူအဖြစ် တင်ပြရန် ပျက်ကွက်ခြင်း |
| ရွှေဂေါင်ဂေါင်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်<br>(SHWE GAUNG GAUNG GEMS COMPANY LIMITED) | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူ ၄ ယောက်ရှိသည်ဟု ဖော်ပြထားသော်လည်း ၁ ယောက်၏ အကြောင်းကိုသာ အသေးစိတ်ဖော်ပြထားခြင်း |
| TOTAL E & P MYANMAR (YANGON BRANCH)* | တရားဝင် (အမည်ပေါက်) ပိုင်ဆိုင်မှုများနှင့် စပ်လျဉ်း၍ တစ်ချို့တစ်ဝက်သာတင်ပြခြင်း၊<br>၎င်းကို ပိုင်ဆိုင်သည့်ကုမ္ပဏီနှင့်စပ်လျဉ်းသည့် အချက်အလက်များ မပါဝင်ခြင်း |

| | |
|---|---|
| UNOCAL MYANMAR OFFSHORE COMPANY LIMITED (YANGON BRANCH)* | အကျိုးအမြတ် ရရှိပိုင်ဆိုင်သူအား ဖော်ထုတ်ရန်ပျက်ကွက်ခြင်း၊ ၎င်းကို ပိုင်ဆိုင်သည့် ကုမ္ပဏီနှင့်စပ်လျဉ်းသည့် အချက်အလက်များ မပါဝင်ခြင်း |

| အချက်အလက်ကြေညာသည့်ပုံစံအား အချိန်မီတင်သွင်းနိုင်ခြင်းမရှိခဲ့သည့် အဖွဲ့များ (၄၂) |
|---|
| AGGA YADANAR MIN YARZAR JADE GEMS & JEWELLERY COMPANY LIMITED* |
| ANDAMAN TRANSPORTATION LTD. (YANGON BRANCH)* |
| အဏ္ဏဝါပုလဲ ကုမ္ပဏီ လီမိတက် (ANNAWAR PEARL COMPANY LIMITED) |
| ဘဝတက်လမ်းကျောက်မျက် တူးဖော်ရေး ကုမ္ပဏီ လီမိတက် (BA WA TET LAN GEMS COMPANY LIMITED) |
| BASHNEFT INTERNATIONAL B.V (MYANMAR BRANCH)* |
| ဖုသျှကြယ် (ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက် (CANCRI(GEMS & JEWELLEY) COMPANY LIMITED) |
| CFG ENERGY PTE. LTD.( MYANMAR BRANCH)* |
| CHINNERY ASSETS LIMITED (MYANMAR BRANCH)* |
| GAIL JJ INDIA LTD.* |
| ကျောက်စိမ်းရော အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီ လီမိတက် (JADE AYER INTERNATIONAL CO., LTD.) |
| KOREA GAS CORPORATION* |
| ကျောက်စိမ်းနန်းတော်ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် (KYAUK SEINN NANDAW GEMS & JEWELLERY COMPANY LIMITED) |
| ကျောက်စိမ်းဆန်းရွှင် ကျောက်စိမ်း ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (KYAUK SEINN SUN SHWIN JADE GEMS & JEWELLERY COMPANY LIMITED) |
| ကျောက်စိမ်းဝင်္ကဘာ ကျောက်စိမ်း ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက် (KYAUK SEINN WINGABAR JADE GEMS & JEWELLERY COMPANY LIMITED) |
| လောင်ဗျစ် ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (LONG BYIT JEWELLERY COMPANY LIMITED) |
| မန္တလေး ရွှေသူငယ်ချင်း သတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက် (MANDALAY GOLDEN FRIEND MINING CO., LTD.) |
| မက်စ် (မြန်မာ) ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (MAX (MYANMAR) MANUFACTURING COMPANY LIMITED) |
| အမှတ် (၂) သတ္တုတွင်းလုပ်ငန်း (ME2) |
| မြန်မာစီးပွားရေးကော်ပိုရေးရှင်းလီမိတက် (MYANMAR ECONOMIC CORPORATION LIMITED) |
| မြန်မာစီးပွားရေးကော်ပိုရေးရှင်းလီမိတက် (MYANMAR ECONOMIC CORPORATION LIMITED) |
| မြန်မာပထမ ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (MYANMAR FIRST GEMS & JEWELLERY CO., LTD) |
| ငွေရည်ပုလဲ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် (NGWE YI PALE MINING COMPANY LIMITED) |
| OIL INDIA LIMITED (MYANMAR BRANCH)* |
| ပန်ဟုတ်ဒူဝါ ကုမ္ပဏီ လီမိတက် (PANG HUKE DUWA COMPANY LIMITED) |
| ပါရမီစွမ်းအင် ဝန်ဆောင်မှု ကုမ္ပဏီ လီမိတက် (PARAMI ENERGY SERVICES COMPANY LIMITED) |
| PC MYANMAR (HONG KONG) LIMITED(YANGON BRANCH)* |
| PETRONAS CARIGALI MYANMAR INC.(BRANCH OFFICE)* |
| PETROVIETNAM DRILLING & WELL SERVICE CORPORATION (BRANCH OFFICE)* |
| ပြည့်စုံအောင် သတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက် (PYI SONE AUNG MINING COMPANY LIMITED) |
| စိန်သူရစန်းကျောက်မျက်ကုမ္ပဏီလီမိတက် (SEIN THURA SAN GEMS COMPANY LIMITED) |
| SHAN YOMA CEMENT COMPANY LIMITED* |
| ရွှေတောင်သတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက် (SHWE TAUNG MINING COMPANY LIMITED) |

| |
|---|
| SOUTH-EAST ASIA GAS PIPELINE COMPANY LIMITED (GREAT OCEAN BRANCH)* |
| စူပါစိမ်း ကျောက်မျက်ရတနာ ကုမ္ပဏီ လီမိတက် (SUPER SEINN GEMS & JEWELLERY COMPANY LIMITED) |
| TANINTHAYI PIPELINE CO.,LTD.(MYANMAR BRANCH)* |
| TAP ENERGY (M-7) PTE . LTD. (MYANMAR BRANCH)* |
| သီဟသန့်ဟိန်း သတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက် (THIHA THANT HEIN MINING COMPANY LIMITED) |
| TRG PTE. LTD.* |
| ထွန်းနိုင်အောင် ကျောက်မျက် ကုမ္ပဏီ လီမိတက် (TUN NAING AUNG GEMS COMPANY LIMITED) |
| ထွန်းသွင်သတ္တုတူးဖော်ခြင်း ကုမ္ပဏီလီမိတက် (TUN THWIN MINING COMPANY LIMITED) |
| WUNTHO RESOURCES COMPANY LIMITED* |
| ရတနာ ဆင်သီရိ ကျောက်မျက် ကုမ္ပဏီ လီမိတက် (YADANAR SIN THIRI GEMS COMPANY LIMITED) |

ဘာသာပြန်သူ၏ မှတ်ချက် - (*) ဖြင့်ဖော်ပြထားသော ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ဝက်ဘ်ဆိုက်ရှိ အီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO) တွင် ကုမ္ပဏီ၏ မြန်မာအမည်များအား ဖော်ပြထားခြင်း မရှိသည့် ကုမ္ပဏီများဖြစ်ပါသည်။ အခြားသောကုမ္ပဏီများ၏ မြန်မာအမည်များသည် MyCO မှတ်ပုံတင်စနစ်မှ ကူးယူဖော်ပြထားခြင်းဖြစ်ပါသည်။